ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (19-10-2006) (၅၁၁၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် လူမှုစီးပွားဘဝတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာရေး ဦးတည်ချက်များချမှတ်ပြီး ဖိဖိစီးစီးဆောင်ရွက်ပေးလျက်ရှိ နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်၌ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းကာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့မှ နောင်မွန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိပြီး ရှေးဦးစွာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် ရှေ့တန်းစခန်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့အပြင် စခန်းအတွင်း စီစဉ်ပြသထားသည့် ဒေသထွက် သစ်သီးဝလံများနှင့် သားရဲတိရစ္ဆာန်တို့၏ ရုပ်ကြွင်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ နောင်မွန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က နောင်မွန်မြို့နယ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး လိုအပ်ချက်များကို စီမံဆောင်ရွက်ပေးကာ ဒေသအတွင်း ပညာတတ်လူငယ်များ ပေါ်ထွက်လာရေး၊ ဆန်စပါး တိုးချဲ့စိုက်ပျိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကို အလေးထား ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပူတာအိုဒေသ၌ ဖြစ်ထွန်းသည့် ရေနံပင်၊ အသီး၊ အစေ့၊ ကြိတ်ဖတ်နှင့် ဆီနမူနာ၊ တိန်းကောပင်၊ အသီး နှင့် ဆီနမူနာများ၊ ဂရိတ်ဖရု၊ တယ်သီး၊ ရှီးပတီး၊ မချစ်ဉ၊ ခန်းတောက်မြစ် ဒေသထွက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများအနေဖြင့် မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ကြိုးကြိုးစားစား အလုပ်လုပ်သွားကြရန်ဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉–၁၀–၂၀၀၆
(ကြာသပတေးနေ့)

ငြိမ်းချမ်းဖွံ့ဖြိုးသည့် အမွေခံပတ်ဝန်းကျင်ကောင်းကို လက်ဆင့်ကမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုးကို ရှေးရှုပြီး နယ်မြေဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးလာစေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအလိုက်အခြေခံကောင်းများကိုတည်ဆောက်ပေးလျက်ရှိရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

ကချင်ပြည်နယ်သည် တစ်ချိန်က တည်ငြိမ်အေးချမ်းလုံခြုံမှု မရှိခဲ့သဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုများ တုံ့နှေးခဲ့ရသော်လည်း ယနေ့အချိန်အခါတွင် ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှုများ ချောမွေ့ကောင်းမွန်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဗန်းမော်ဒေသတို့၌ တက္ကသိုလ်၊ ကောလိပ်များ၊ အဆင့်မြင့်ဆေးရုံများ ပေါ်ထွက်လာသကဲ့သို့ မိုးညှင်းဒေသကဲ့သို့ အချက်အချာကျသည့် ဒေသမျိုး၌လည်း အဆင့်မြင့်ပညာ လက်လှမ်းတမီ သင်ကြားနိုင်သည့် နည်းပညာကောလိပ်များ ဖြစ်တည်နေပြီဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တည်ဆောက်ပြီးစီးနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အစိုးရနည်းပညာကောလိပ် (မြစ်ကြီးနား)ပင်မဆောင်ကို အောက်တိုဘာလ ၁၇ ရက်နေ့က ဖွင့်လှစ်လိုက်ရာ ဒေသအတွင်းရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာ လွယ်ကူစွာသင်ကြားနိုင်ရေး အကျိုးပြုလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ငြိမ်းချမ်းတည်ငြိမ်ပြီး ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်နေသည့် အခြေခံကောင်းများကို တည်ဆောက်ထူထောင်လျက်ရှိသည်။ အဆိုပါ ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေသည့် အမွေခံပတ်ဝန်းကျင်ကောင်းကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံတော်က လူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် အဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ၏ အားထုတ်ကြိုးပမ်းမှုဖြင့် တည်ငြိမ်ခိုင်မာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်မည့် လူရည်ချွန်လူရည်မွန်များ ဖြစ်ထွန်းပေါ်ထွက်လာမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေသူဌေးတာ စိုက်ပျိုးမွေးမြူရေးအလုပ်စခန်း ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၆ ရက်တွင် ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ ရွှေသူဌေးတာ စိုက်ပျိုးမွေးမြူရေး အလုပ်စခန်းသို့ သွားရောက်၍ မိုးစပါး စိုက်ပျိုးထားရှိမှုနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ပန်းတိုင် အထွက်နှုန်းပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အသားတိုး တီလားပီးယားငါး မွေးမြူခြင်းကို ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ရေး၊ ကိုယ်တိုင်သားဖောက်မွေးမြူနိုင်သည့် အဆင့်အထိရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးသည်ရွှေသူဌေးတာ စိုက်ပျိုးမွေးမြူရေး အလုပ်စခန်းရှိ ဝန်ထမ်းမိသားစုများနှင့် အကျဉ်းသားများအား တွေ့ဆုံ၍ ဆုံးမစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပသော ၂၀၀၆ခုနှစ် ဒုတိယ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကိုရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရန်ကုန်တိုင်း တွံတေးမြို့နယ် ရွှေသူဌေးတာ စိုက်ပျိုးမွေးမြူရေး အလုပ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်ထဲရေး)

အရှင်ဇဝန(ပဲခူး)ဓမ္မသဘင်

ရန်ကုန် အောက်တိုဘာ ၁၈

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် အောက်တိုဘာလ ၁၉ ရက်တွင် ပုသိမ်မြို့ မြင်းချောင်း ဆရာတော် ဦးဃောသိတ၏ အနှိုမ ဈာပန၌လည်းကောင်း၊ ၂၀ ရက်တွင် ကမ္ဘာအေး သူရဿတီလမ်း ဆွမ်းအောင်ပွဲ၌လည်းကောင်း၊ ၂၇ ရက်တွင် သဃ်ၤန်းကျွန်း ဗုဒ္ဓဟူးဆွမ်းအောင်ပွဲ၌လည်းကောင်း၊ ၃၀ ရက်တွင် သုဝဏ္ဏဈေးဘုံကထိန်၌လည်းကောင်း၊ ၃၁ ရက်တွင် ကျောက်တန်းကမာကလဲကျောင်း ဘုံကထိန်၌ လည်းကောင်း၊ နိုဝင်ဘာလ ၁ ရက်တွင် သထုံမြို့ ပေါ်တော်မူ အောင်စကြာတောရကထိန်၌ လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် သာကေတမာဃဓမ္မာရုံ၌လည်းကောင်း တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်သည်။ **(က–ပ)**

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ LDSC မှ လှူဒါန်းသော ဘီးတပ်ကုလားထိုင် အစီး ၂၅၀ကို လက်ခံ

နေပြည်တော် အောက်တိုဘာ ၁၈

Latter Day Saint Charities (LDSC) **နှင့် လူမှုဖွံ့ဖြိုး တိုးတက်ရေးအသင်းတို့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ဘီးတပ်ကုလားထိုင် အစီး ၂၅၀ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၇ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ပေးအပ်

ရှေးဦးစွာ Latter Day Saint Charities (LDSC) မှ Country Director Mr. Kelvyn Cullimore က ဘီးတပ်ကုလားထိုင်များလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Mr. Kelvyn Cullimore နှင့် ဇနီးတို့က ဘီးတပ်ကုလားထိုင်အစီး ၂၅၀နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြု

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးသို့ ဘီးတပ်ကုလားထိုင် ၄၁စီးကို လွှဲပြောင်းပေးအပ်ရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဌေးနိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၀–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွား မှတ်တမ်း(အပိုင်း–၁)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ဆေးဖက်ဝင် ဩဇာပင်၏ အာဟာရတန်ဖိုးများအကြောင်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	မြန်မာ့ရိုးရာအစားအစာပြပွဲ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	(၁၅)နှစ်မြောက် အာဆီယံ–တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် ဝူရှူးသရုပ်ပြပွဲ(အပိုင်း–၁)
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	အသည်းခြောက်ရောဂါ ဖြစ်စေနိုင်တဲ့ အချက်အလက်များ (ဒေါက်တာခင်မောင်ဝင်း)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	Yangon Panorama (Myanmar Indobest Co., Ltd, Distribution Launch)
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	ပန်းလှိုင်တံတား
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (ချောစုခင်နှင့် သူ၏အနုပညာခရီးလမ်း)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀	Music Gallery အချစ်ဆုံးပေးတဲ့လွမ်းသူ့စာခွေ–ပိုးအိစံ
၁၁း၃၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်)ဆွေးနွေးခန်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သိမ်ကုန်းစာသင်တိုက် ဘုံကထိန် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်းစာသင်တိုက်၏ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက် (အောက်တိုဘာ ၂၉ ရက်) (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ၎င်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကထိန်လျာသက်န်းအစရှိသော လှူဖွယ်ဝတ္ထုများကို ဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့ ဖုန်း–၀၅၆–၂၅၂၂၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဓမ္မဂုဏ်ရောင် ဆရာတော်အား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မဂုဏ်ရောင်ရိပ်သာစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုကမ္ဘာ့ဌာနာစရိယ ဓမ္မကထိက သာသနဓဇ ဓမ္မာစရိယ သာသနပါလ ဓမ္မာစရိယ အရှင်တေဇိန္ဒ (M.A ဗာရာဏသီ၊BHU,Dip in B. Dh, Dip in English (SIBA))အား ဂုဏ်ပြုပူဇော်ပွဲကို စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စုမျှော်ဘုံကျေးရွာ အောင်မြေဘုံစံကျောင်း၌ နိုဝင်ဘာ ၁၂ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုဂုဏ်အင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသဘင်

နိုင်ငံအသီးသီးတွင် သူ့ယဉ်ကျေးမှုနှင့်သူ ရှိနေကြပါသည်။ကျွန်တော်တို့တွင်လည်း ကျွန်တော်တို့၏ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ့်ဟန်နှင့်ကိုယ် ရှိကြပါသည်။

ယဉ်ကျေးမှုတစ်ရပ်စုဖွဲ့ဖြစ်ပေါ်လာဖို့ဆိုသည်မှာ ရှည်လျားလှသော သမိုင်းကြောင်းတစ်ရပ် ရှိခဲ့ရသည်။ ရှည်လျားလှသော ဘိုးဘွားတို့၏ ကြိုးပမ်းမှု၊ ကာကွယ်စောင့်ရှောက်ပြုစုပျိုးထောင်မှုတွေကိုတွေ့ရပေမည်။ သမိုင်းတင်တွင်ရစ်သော ပညာရှင်များရှိခဲ့သလို သမိုင်းမတွေ့ မေ့ပျောက်ခဲ့ရသောအမွေအနှစ်တို့လည်း ရေတွက်နိုင်မည်မဟုတ်ပါ။မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ကတော့ သူတို့၏ကျေးဇူးတွေကို မေ့ပျောက်ပစ်ဖို့တော့ မထိုက်၊ အမြဲတစေ ဂုဏ်ပြုစကားဆိုနေရမည်သာ ဖြစ်ပါသည်။

ထိုများပြားလှသော ကျေးဇူးရှင်ဘိုးဘွားများထဲတွင် ဂီတနက်သန် ကိုစောညိန်းလည်း တစ်ခန်းတစ်ကွက်အနေဖြင့် ပါဝင်နေလေသည်။ သူ့ခေတ်သူ့အခါက အနုပညာလောကတွင် သူသည် ငယ်ရွယ်လှသည်။ သူ့ကို ၁၉၂၅မှာမွေးပြီး ၁၉၅၂ခုနှစ် အသက် (၂၇)နှစ် ငယ်ငယ်ရွယ်ရွယ်နှင့် သူချစ်သော အနုပညာလောကကြီးကို ကျောခိုင်းထွက်ခွာသွားခဲ့ရှာသည်။ သူထာဝရခွဲခွာသွားခဲ့သော်လည်း သူ့ရင်တွင်းတေးများကတော့ ယနေ့နှစ်ပေါင်း၅၀ကျော်လာသည့်တိုင် ရှင်သန်နေဆဲ၊ ပွင့်ဖူးနေဆဲပါ။ ကျွန်တော်သည် သူ၏ ပွင့်ဦးသီချင်းလေးထဲက စာသားလေးတချို့ကို နှုတ်မှာ တိုတိုညင်းညင်း ညည်းကြည့်မိလိုက်သည်။

"ဆက်သွယ်သန္တတိ၊ မမြဲသောရုပ်နာမ်ပြောင်းလဲလို့ရယ် ဖြစ်ပြန်ပျက်ပြန် အချစ်မှန်တရားရယ်၊ မူလွန်းတဲ့သူရယ်၊ ပွင့်ဦးကြွေမှဖြင့်ကွယ်၊ မပန်စေချင်ရက်တော့တယ်"

သီချင်းလေးက အချစ်သီချင်းလေးပါ။ သို့သော်လည်း ထိုသီချင်းလေးထဲတွင် တရားသဘောလေးတွေပါနေသည်။ **"ဆက်သွယ်သန္တတိ၊ မမြဲသောရုပ်နာမ် ပြောင်းလဲလို့ရယ်"**

ကျွန်တော်တို့ထေရဝါဒဗုဒ္ဓဘာသာမှာ **"သန္တတိ"** ဆိုသည့်စကားလုံး ဝေါဟာရလေးသည် အလွန်မှနက်နဲသော အဓိပ္ပာယ်ရှိနေပါသည်။ ဆက်သွယ်ပေါင်းစပ်ပေါင်းကူးနေသော သန္တတိသဘော ဆက်သွယ်သန္တတိတဲ့၊ ဘယ်လောက်အဆင့်မြင့်လိုက်တဲ့ အသုံးအနှုန်းပါလဲ၊ သန္တတိဆိုတဲ့ ရုပ်ကလာပ်ကလေးတွေ၊ နာမ်ကလာပ်ကလေးတွေ ပေါင်းစည်းမှုသဘောကို ကျွန်တော်သည်ပင်လျှင် ယခုအသက် ၆၀ကျော်မှ ခပ်ရေးရေးသဘောပေါက်ခဲ့ရပါ၏။ သန္တတိဃနဆိုရာ သန္တတိဟူသည် မပြတ်စပ်လျက်ဖြစ်သော ရှေ့နောက်အစဉ်ဖြစ်သည်။ ဃနဟူသည် တလုံးတစည်းတည်း တစ်ခုတည်းဖြစ်သည်။ ဖြစ်ရပ်များသည် ရှေ့နောက်အစဉ်အားဖြင့် တစ်ခုစီတစ်ခုစီ အပိုင်းအပိုင်းအပြတ်အပြတ်ဖြစ်ပါလျက် တစ်ခုတည်းသဖွယ်ဖြစ်ပေါ်နေကြ၏။ ရုပ်နာမ်သရုပ်ကို သဘောပေါက်လျှင်၊ မမြဲသောရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုမြင်လျှင်၊ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ငါပိုင်ငါဆိုင် မဟုတ်ခြင်းဆိုတဲ့ လက္ခဏာတွေကို မြင်ပြီဆိုလျှင် အဆင့်မြင့်သော ဉာဏ်စဉ်ကို ဆုပ်ကိုင်မိပြီဟု ဆိုရတော့သည်။

သန္တတိ ဆိုသည့် စကားလုံးဝေါဟာရကိုပင် ကြားရခဲသည်။ တချို့ကြားပင်မကြားဖူး။ ထိုအနှစ်အဓိပ္ပာယ် ပြည့်ဝလှသောစကားလုံးလေးကို ငယ်ရွယ်လှသောအနုပညာရှင် ကိုစောညိန်းက သူ၏ ပွင့်ဦးသီချင်းတွင် လှလှပပထည့်သွင်း သုံးစွဲသွားခဲ့လေသည်။

ဂီတနက်သန် ကိုစောညိန်းသည် သူ့သက်တမ်းတိုတိုလေးအတွင်း သီချင်းအပုဒ် ၆၀ခန့်ရေးစပ်ခဲ့သည်ဟု သိရသည်။ ပန်းချီဘက်တွင်လည်း မဂ္ဂဇင်းများတွင် တန်းဝင်အောင် ရေးဆွဲနိုင်ခဲ့သည့် ပန်းချီဆရာတစ်ဦး ဖြစ်ခဲ့သည်။ ဝတ္ထုများရေးခဲ့သည့် စာရေးဆရာ၊ ဆောင်းပါးများပြုစုခဲ့သည့် ဆောင်းပါးရှင်၊ ကဗျာများမွေးထုတ်ခဲ့သည့် ကဗျာဆရာ၊ သီချင်းရေးဆရာ၊ ကိုယ်တိုင်သီချင်းတွေသီဆိုခဲ့သည့် အဆိုတော်၊ အတီးပညာရှင်စသည်ဖြင့် ဘက်စုံ ပညာစုံလှသည်။

သူ့သီချင်းလေးများတွင် တရားဓမ္မရိပ်ကလေးများ တွေ့မြင်နေရသလို စကားလုံးကာရန် အချိတ်အဆက်ကလေးများဖြင့်လည်း လှပဝေဆာစွာ တန်ဆာဆင်ထားရာ ကျွန်တော်တို့ မြန်မာစာပေ မြန်မာစကားတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာအချက်ကို ပြသနေသည်။

"နွေနှောင်းရက်ကျန် X ဝသန်ပေါ်ဦးခါ X အုံ့ပျပျမှိုင်းဆန်း ယုဂန်တွေ မြနန်းမှာ X ရွှေလျှံလျှပ်နွယ်ခွေကာ မိလ္လာချပ်ဆင် ဝေမင်မှောင်ပြာ X တိမ်တိုက်ရွှေ့ပြောင်းလေလျှင်လောင်းရာ X ကြွေကာကြွေကာ မြေမှာကြဲလျက် X ပုလဲရည်ငွေစက်ဖျန်းပက်စွေရွာ X X X" ရွေးချယ်သီကုံးထားတဲ့ ပုလဲလုံးတွေကလည်း လှပလိုက်ပါဘိ။ သီဆိုသူ စာရေးဆရာကြီး ဦးသုခကလည်း ဘဝင်ခိုက်အောင် ဆိုတတ်လေတော့ ကျွန်တော်တို့ အသည်းလှိုဏ်မှာ ယနေ့တိုင်အောင် စွဲကာထင်နေဆဲ။

အနုပညာယဉ်ကျေးမှုနယ်ပယ်တွင် ကျွန်တော်တို့ဘိုးဘွားများ အစဉ်တစိုက်ကြိုးပမ်းဖွဲ့စည်းပေးခဲ့သော အမွေအနှစ်များကို ဆက်လက်ကြီးပွား တိုးတက်အောင် ဆောင်ရွက်ရပါမည်။ ထိုအမွေအနှစ်တို့ မျက်ခြည်ပြတ်ပျောက်ကွယ်မသွားသင့်။ နိုင်ငံတော်အစိုးရကကြီးမှူး၍ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့သည်မှာ (၁၄)ကြိမ်မြောက်ခဲ့ပေပြီ။ ပြိုင်ပွဲကြီးကိုလည်း အလွန်အနှစ်သာရပြည့်ဝသော ဦးတည်ရည်မှန်းချက်များဖြင့် ကျင်းပနေပေသည်။ **မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရန်** ဟူသည့် ဦးတည်ချက်(၇)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပါသည်။ မည်မျှအဓိပ္ပာယ်လေးနက်လှသည့် ဦးတည်ချက်များဖြစ်ပါသနည်း။ ဦးတည်ချက်တစ်ခုချင်းသည်ပင် တန်ဖိုးကြီးမားလှသည်။ ဤဦးတည်ချက်များ အောင်မြင်စေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားရမည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်၊ တိုင်းပြည်ပျောက်မည်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်းသွားရမည်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းသွားရပါမည်။ သင်္ကြန်မှာ တူးပို့တူးပို့ဆိုသည့် မြန်မာ့နောက်ခံ ဗုံသံလေးတွေပျောက်သွားလျှင် သို့မဟုတ် သင်္ကြန်သီချင်းများထဲက မြို့မငြိမ်း၏ သီချင်းများကို နုတ်ပယ်ကြည့်လိုက်လျှင် သင်္ကြန်သည်ပင် တစ်မျိုးတမည်ပြောင်းသွားနိုင်ပါသည်။ ရိုးရာတေးသွားလေးများ ပျောက်မသွားဖို့လိုသည်။ အဆို၊ အက၊ အရေး၊ အတီးပညာများတွင်လည်း ထိုနည်းနှင်နှင် ပါပင်။

တက္ကသိုလ်လှမောင်

တစ်ခါတစ်ရံ အိန္ဒိယရုပ်ရှင်ဇာတ်ကားလေးများ ကြည့်မိသည်။ သူတို့၏ အဆို၊ အက၊ အရေး၊ အတီးတို့သည် ကျွန်တော်တို့ငယ်စဉ်က ကြည့်ခဲ့ရသည့် အတိုင်းပင် ပြောင်းလဲမှုမတွေ့ရ။ အိန္ဒိယတို့၏နောက်ခံဗုံသံလေး၊ သီချင်းသီဆိုပုံ၊ လှည့်ပတ်ကပြနေပုံတို့ မပြောင်းလဲ။ ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ထား၍ ပို၍ပင် ကြည့်၍ နားထောင်၍ကောင်းနေပါသေးသည်။ ထိုသို့ပင် ကျွန်တော်တို့၏ ဗုံသံလေးများ၊ သံစဉ်လေးများ၊ နွဲ့နှောင်းလှပသည့်အကများ၊ အဓိပ္ပာယ်အနှစ်ပြည့်ဝလှသည့် သီချင်းစာသားလေးများ ပျောက်မသွားစေချင်ပါ။ အရိုးကို အရွက်မဖုံးစေဘဲ ပိုမိုတိုးတက်ကောင်းမွန်လာအောင်သာ တီထွင်ကြံဆသင့်ကြပါသည်။

ဘာသာတရားမှ ယဉ်ကျေးမှုကို မွေးဖွားပေးသည်။ ကျွန်တော်တို့နိုင်ငံသည်လည်း ဘာသာတရားကိုအခြေခံ၍ ယဉ်ကျေးမှုတို့ဖွဲ့စည်းဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ကျွန်တော်တို့ အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်အသီးသီးမှာ ဘာသာတရားအငွေ့အသက်များ ထုံမွှမ်းမွှေးပျံ့နေလေသည်။ ဘာသာတရားကသာလျှင် လူတွေကို ယဉ်ကျေးလိမ္မာ၊ သိမ်မွေ့နူးညံ့စေသည် မဟုတ်ပါလား။ တကယ့်အနုပညာစစ်စစ်ကို လေးစားမြတ်နိုးသူမှန်ပါလျှင်လည်း မည်သည့်စစ်ကိုမျှ၊ မည်သည့်အကြမ်းဖက် လုပ်ရပ်များကိုမျှ၊ မည်သည့် အနိုင်ကျင့်ဗိုလ်ကျမှုမျိုးကိုမျှ လက်ခံလိမ့်မည်မဟုတ်ပါ။ ဘာသာတရား၏ အင်အားသည် ကြီးမားလှပါသည်။ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှုများကိုလည်း ဘာသာတရား အငွေ့အသက်တို့ဖြင့် ကြီးမားဖွံ့ထွားလာရသည်ကပင် ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်သော ဂုဏ်ယူစရာဖြစ်နေပါသည်။

ဂီတနက်သန်ကိုစောညိန်း၏ **"ဆက်သွယ်သန္တတိ"** ဆိုသည့် အသုံးအနှုန်းလေးက ကျွန်တော်တို့၏ အဆင့်မြင့်လှသောတန်ဖိုးကို ဖော်ပြနေသည်။ သီချင်းထဲက ဓမ္မ၊ ဓမ္မထဲကသီချင်း၊ ယူတတ် တွေးတတ်ပါလျှင် သီချင်းထဲက ဓမ္မတရားများကို တွေးမြင်မိကြလေမည်။ ကျွန်တော်တို့ နားထောင်သည့် ပရိသတ်ကလည်း တရားကို နှလုံးသွင်းဆင်ခြင်၍ နားထောင်တတ်သည့် ပရိသတ်မျိုးဖြစ်နေသည်ကပင် ဂုဏ်ယူစရာပါ။

ပွင့်ဦးသီချင်းထဲကပင် ထုတ်ယူပြရပါလျှင် **"ဖြစ်ပြန် ပျက်ပြန် အချစ်မှန်တရားရယ် မူလွန်းတဲ့သူရယ်၊ ပွင့်ဦးကြွေမှဖြင့်ကွယ် မပန်စေချင်ရက်တော့တယ်"** ပွင့်ဦးကြွေသွားသည်ဆိုသည်မှာ သေသွားခြင်း မရဏတရားပါ။ သေမှအမှန်တရားကို ရှာချင်နေ၍ မဖြစ်နိုင်ပါ။ မသေခင် အမှန်သိအောင်လုပ်၊ အချစ်သီချင်းတစ်ပုဒ်ကို အဲဒီလိုတရားဖြင့် ဆင်ခြင်ကြည့်တတ်လိုက်တာကိုက ကျွန်တော်တို့၏ ယဉ်ကျေးမှုဟု ဆိုချင်ပါသည်။

ထိုနည်းတူစွာ **"သမာဓိနိုင်နိုင်ထားတော့"**၊ **"ဘဝသံသရာ"** စသည် မြောက်မြားလှစွာသော မြန်မာသီချင်းတို့တွင်လည်း သီချင်းထဲကဓမ္မများကို ဆင်ခြင် ကြည့်နိုင်ပါသည်။ ထိုကဲ့သို့ ဘာသာအဆုံးအမ၊ တရားဓမ္မဆင်ခြင်မှုလေးများနှင့်အတူ စိတ်နှလုံးရွှင်ပြုံးအေးချမ်းသွားစေတတ်သော တေးသားလေးများကို မွေးထုတ်ပေးလိုက်နိုင်ခြင်းကပင် ကျွန်တော်တို့၏ အရည်အချင်း၊ ကျွန်တော်တို့၏ဂုဏ် ဖြစ်နေပါသည်။ ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာကလည်း တရားကိုဆင်ခြင်ဖို့ဆိုရာမှာ အာရုံကို မည်သို့ခံစားသလဲ ဆိုသည့်အပေါ်မှာ မူတည်နေပါသည်။ အာရုံကို တဏှာလောဘ ရာဂဖြင့် ခံစားသလား၊ တရားဓမ္မဖြင့်ဆင်ခြင်လိုက်သလား၊ အရာရာကို တရားဓမ္မဖြင့် ခံစားတတ်အောင် ကျွန်တော်တို့ ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်များက ကျွန်တော်တို့ကို သွန်သင်ပုံသွင်းသွန်းလောင်းပေးထားခဲ့သည်။ ဤသည်ပင်လျှင် တစ်ပါးသော နိုင်ငံ၊ တစ်ပါးသော လူမျိုးတို့နှင့် မည်သို့မျှမတူညီနိုင်သော အရည်အချင်းတစ်ရပ်၊ ဂုဏ်ဒြပ်တစ်ခု၊ ယဉ်ကျေးမှုတစ်ဖြာဖြစ်ပါသည်။ ယဉ်ကျေးမှုဆိုသည်မှာလည်း လူမျိုး ဘာသာ သာသနာ ရိုးရာဓလေ့ထုံးစံ၊ လူမှုဘဝ၊ ဂီတပညာရပ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးဂုဏ်ဇာတိဂုဏ် အားလုံးခြုံ၍ ပါဝင်နေသော အမွေအနှစ်တို့ကို ခေါ်ခြင်းဖြစ်ပါသည်။

ဘာသာတရား အဆုံးအမများပါသော တွေးတောဆင်ခြင်ရမှုများမှ တစ်ဆင့် စိတ်နှလုံးရွှင်ပြုံးအေးချမ်းသွားစေတတ်သော သီချင်း တေးသားလေးများကို မွေးထုတ်ပေးလိုက်နိုင်ခြင်းကပင် ကျွန်တော်တို့၏ အရည်အချင်း၊ ကျွန်တော်တို့၏ ဂုဏ်ဖြစ်နေပါသည်။

မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျကာဆင်းသည့်နယ်၊ သင်္ကာယုံမှားလွဲစွာ မှောင်မည်း အဝိဇ္ဇာဖုံးကွယ်၊ သြော်-တွေ့နိုင်ခဲလှသည် X X X သစ္စာ သစ္စာခင်ရယ် X X X မေ့ကို ချစ်ချင်လေသမျှ လောကရဲ့ ပရိယာယ် မာယာအသွယ်သွယ် X X X ဆန်းကြယ်စွာ သူလှည့်စား၍ X X X ဇရာကား ဝါးမျိုခဲ့ပြီကွယ် X X X ။

ကိုစောညိန်း၏ **"သစ္စာ"** သီချင်းလေးထဲမှာ မြူခြေငွေနှင်းလို အဝိဇ္ဇာအမှောင်များ ဖုံးပိတ်ကွယ်ဆီးထားနေ၍ သစ္စာလေးပါး အမှန်တရား ရှာဖွေမတွေ့နိုင်ခဲ့ကြောင်း ကျစ်လျစ်သိပ်သည်းစွာ သီကုံးရေးဖွဲ့ထားသည်မှာ လွန်စွာ ချီးကျူးဖို့ ကောင်းပါသည်။

ဂုဏ်တင်ထိုက်၊ ကျေးဇူးတင်ထိုက်သူများ အနုပညာလောကတွင် များစွာ ရှိနေပါသည်။ လက်လှမ်းမီသမျှ ဖော်ထုတ်မှု၊ ထိုက်သင့်သော ဂုဏ်ပြုမှုများဖြင့် အားပေးသွားသင့်ပါသည်။ ယနေ့လူငယ်များ၏ နှလုံးသားတွင် ဂုဏ်ပြုထိုက်သော ပညာရှင်များ၏ ပုံရိပ်များထင်ဟပ်နေစေချင်ပါသည်။ မိမိ၏ဂုဏ်ကို မိမိ မြှင့်တင်ပေါ်လွင်အောင် ကြိုးစားသွားကြစေချင်သည်။

သန္တတိ ဆိုသည့်စကားက အဆက်မပြတ် ဆက်သွယ်ဖြစ်ပေါ်စုဖွဲ့နေမှု တရားဖြစ်ပါသည်။ ရပ်ဆိုင်းအဆက်ပြတ်သွားခြင်း မဟုတ်ပါ။ ကျွန်တော်တို့ အစဉ်အလာစီးမျောမှုတို့သည် မြစ်တစ်စင်း၏ ရေအလျဉ်လို တသွင်သွင် အဆက်မပြတ် မရပ်တမ်းစီးဆင်းနေရမည်။

ထို့ကြောင့် ပြိုင်ပွဲကာလ တစ်နှစ်တွင်တစ်ခါ နိုးကြားဖြစ်ပေါ်မှုမျိုးရှိရမှာဖြစ်သကဲ့သို့ တစ်ဆယ့်နှစ်ရာသီပတ်လုံး လှုပ်ရှားမွေးဖွားပေးရမည်မှာလည်း ကျွန်တော်တို့ အားလုံး၏ တာဝန်ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ပွဲပြီးမီးသေ သွေးအေးမေ့လျော့သွားခြင်းမျိုးမဖြစ်ရအောင် အမြဲတမ်းနိုးကြားပြီး ကျွန်တော်တို့အားလုံး ယဉ်ကျေးမှုမျက်နှာစာမှာ နံရံတံတိုင်းကြီးများပမာ လက်တွဲညီညာစွာ တစ်ဖက်က ကာရံထားရင်း မိမိအမွေအနှစ်များကို ရှင်သန်တိုးပွားလာစေရန် စဉ်ဆက်မပြတ် လှုပ်ရှားကြိုးစားသွားရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

အနုပညာယဉ်ကျေးမှုနယ်ပယ်တွင် ကျွန်တော်တို့ဘိုးဘွားများ အစဉ်တစိုက်ကြိုးပမ်းဖွဲ့စည်းပေးခဲ့သော အမွေအနှစ်များကို ဆက်လက်ကြီးပွား တိုးတက်အောင် ဆောင်ရွက်ရပါမည်။ ထိုအမွေအနှစ်တို့ မျက်ခြည်ပြတ် ပျောက်ကွယ်မသွားသင့်။ နိုင်ငံတော်အစိုးရကကြီးမှူး၍ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပလာခဲ့သည်မှာ (၁၄)ကြိမ်မြောက်ခဲ့ပေပြီ။ ပြိုင်ပွဲကြီးကိုလည်း အလွန်အနှစ်သာရ ပြည့်ဝသော ဦးတည်ရည်မှန်းချက်များဖြင့် ကျင်းပနေပေသည်။

လစ်သူယေးနီးယားနိုင်ငံ မာဇီကီနက်ဖ်သာ ရေနံချက်စက်ရုံ မီးလောင်နေသည်ကို အောက်တိုဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ရုရှားလုပ်ရဟတ်ယာဉ်များ အိန္ဒိယလေတပ်ဝယ်ယူမည်

နယူးဒေလီ အောက်တိုဘာ ၁၇

ရုရှားနိုင်ငံလုပ် အမ်အိုင်–၁၇–၄ ဘက်စုံသုံးအလတ်စား ရဟတ်ယာဉ် အစင်း ၈၀ကို အိန္ဒိယလေတပ်က ဝယ်ယူမည်ဖြစ်ကြောင်း အင်ဒို–အာရှ သတင်းဌာနက အောက်တိုဘာ ၁၅ရက်တွင် သတင်းဖော်ပြသည်။

ဝယ်ယူရေးအမှာစာကို လအနည်းငယ်အတွင်း အိန္ဒိယနိုင်ငံက ပေးပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ရုရှားနိုင်ငံသည် အဆိုပါ ရဟတ်ယာဉ်များကို ၂၀၀၇ခုနှစ်တွင် စတင်ပေးပို့ပြီး တစ်နှစ်အတွင်း ရဟတ်ယာဉ်များကို အပြီး ပေးပို့မည် ဖြစ်ကြောင်း လေတပ်ဦးစီးချုပ်တာဂျီက ပြောကြားသည်။

ရဟတ်ယာဉ် ဝယ်ယူသည့် ကုန်ကျစရိတ်ကို ၎င်းက ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ရဟတ်ယာဉ်တွင် တပ်ဆင်ထားသည့် ကိရိယာများ ပေါ်တည်၍ ရူပီးဘီလီယံ ၃၀ (အမေရိကန်ဒေါ်လာ ၆၆၂သန်း) ရှိမည်ဟု သတင်းတွင် ဖော်ပြထားသည်။

သုံးစွဲ

တပ်ဖွဲ့ဝင်များနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အဆိုပါ ရဟတ်ယာဉ်များကို သုံးစွဲနိုင်မည့်အပြင် တိုက်ခိုက်ရေးလုပ်ငန်း၊ ဒဏ်ရာရသူများကို သယ်ဆောင်ရေးလုပ်ငန်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းတို့တွင်လည်း အသုံးပြုနိုင်မည် ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်အာဖရိကတွင် လူအိုရုံမီးလောင်

ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၁၇

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့တော်၏ အနောက်ဘက် ၃၅ ကီလိုမီတာအကွာ၌တည်ရှိသော ကရူဂါဒေါ့ပ်မြို့ လူအိုရုံ၌ ညအချိန်မီးလောင်မှုဖြစ်ပွားရာ သက်ကြီးရွယ်အိုခြောက်ဦး သေဆုံးသွားကြောင်း သတင်းများထွက်ပေါ်လာသည်။ အဆိုပါမီးသည် မော်ရီယာလူအိုရုံ၏စတုတ္ထထပ်၌ အောက်တိုဘာ၁၃ရက် ညပိုင်းတွင် စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဌာနမှ ညွှန်ကြားရေးမှူး ဂျိုရီဂျော်ဒန်က စနေနေ့တွင်ပြောကြားသည်။ မီးလောင်မှုဖြစ်ပွားသည့် အကြောင်းရင်းကို တိတိကျကျ မသိရသေးသော်လည်း အခင်းဖြစ်ပွားမှုတွင် ဒဏ်ရာပြင်းထန်စွာရခဲ့သောလူတစ်ဦးကိုမူ ဆေးရုံတင်ထားကြောင်းသိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး ဆီးရီးယားမပါဘဲ ပြီးပြည့်စုံမည်မဟုတ်

ဒမတ်စကတ် အောက်တိုဘာ ၁၇

အရှေ့အလယ်ပိုင်းဒေသ၌ အရှည်သဖြင့် တည်တံ့စေမည့် ငြိမ်းချမ်းရေး အစီအမံမျိုးရယူလိုလျှင် ယင်းဒေသ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်ရာ၌ ဆီးရီးယားနိုင်ငံကို ချန်လှပ်ထား၍ ရနိုင်မည်မဟုတ်ဟု ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် စပိန်နိုင်ငံခြားရေးဝန်ကြီး မီဂူအယ်အင်ဂယ်လ်မိုရာတီနို့စ် က အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

အကျုံးဝင်

အစ္စရေးနိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့အကြားစေ့စပ်ရယူထားသောသဘောတူညီမှု မပါရှိပါက အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးနှင့် အကျုံးဝင်သော ငြိမ်းချမ်းရေးစာချုပ်မျိုး အကောင်အထည်ဖော်နိုင်မည် မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် စပိန်နိုင်ငံခြားရေးဝန်ကြီး မိုရာတီနို့စ်က ပြောကြားသည်။

ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်၊ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်ဒ်အယ်လ်မူလမ်တို့နှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် မိုရာတီနို့စ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တည်ရှိ

ဆီးရီးယားနိုင်ငံ ပိုင်နက်အတွင်း အစ္စရေးနှင့်ကပ်နေသော နယ်ခြားဒေသ၌ ဂိုလန်ကုန်းမြင့် တည်ရှိသည်။ ထိုကုန်းမြင့်ကို ဆီးရီးယားထံမှ အစ္စရေးတပ်ဖွဲ့များက ၁၉၆၇ ခုနှစ်စစ်ပွဲကာလအတွင်း သိမ်းပိုက်ခဲ့သည်။ အချက်အချာကျသည့် ယင်းဒေသ ပြန်ပေးရေးနှင့်ပတ်သက်၍ ဆွေးနွေးကြရာ၌ အဆင်မပြေသဖြင့် အစ္စရေးနှင့် ဆီးရီးယားနှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ၂၀၀၀ ပြည့်နှစ်က ပျက်ပြားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံရှိ မီရှန်လူမျိုးစုဝင်တစ်ဦး ခန္ဓာကိုယ် အရေပြားတွင် သံချိတ်ဖြင့်ချိတ်၍ အုတ်ခဲ နှစ်လုံးကို ဇော့ယမ်းကာ စွမ်းရည်ပြသနေသည်ကို အောက်တိုဘာ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



အပြည်ပြည်ဆိုင်ရာ တယောထိုးပြိုင်ပွဲ တောင်ကိုရီးယားလူငယ် ပထမဆုရရှိ

ဘာလင် အောက်တိုဘာ ၁၇

ဂျာမနီနိုင်ငံတွင် မကြာမီက ကျင်းပခဲ့သော ဆဋ္ဌမအကြိမ် ဟန်နိုဗာ အပြည်ပြည်ဆိုင်ရာ တယောထိုးပြိုင်ပွဲတွင် တောင်ကိုရီးယားလူငယ် တယောပညာရှင် ဆုယွန်ကင်က ပထမဆု ရရှိခဲ့သည်။

ဆုံးဖြတ်

ဆန်ခါတင်ရွေးချယ်ခံရသူ ခြောက်ဦးတွင် တရုတ်နိုင်ငံရှန်ဟိုင်းမြို့မှ တယောပညာရှင် ဝမ်ကျီဝမ်းပါဝင်ပြီး အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အပြည်ပြည်ဆိုင်ရာ ရွေးချယ်ရေးအဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း ပြိုင်ပွဲ ကျင်းပရေးအဖွဲ့ဝင် တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပထမဆုအဖြစ် အမေရိကန်ဒေါ်လာ ၃၇၈၀၀ နှင့် ညီမျှသော ယူရို ၃၀၀၀၀ ကို တောင်ကိုရီးယားနိုင်ငံသား ၁၈ နှစ်အရွယ် တယောပညာရှင် ကင်က ရရှိသည်။

ဒုတိယဆုကို ကိုရီးယားလူမျိုး တယောပညာရှင် ဟွန်စူရှန်က ရရှိပြီး အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့် ညီမျှသော ယူရို ၂၀၀၀၀ ကို ရရှိသည်။ တတိယဆုကို ဂျပန်နိုင်ငံမှ ကနာစူဂီမူရာက ဆွတ်ခူးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂၅၀၀ နှင့် ညီမျှသော ယူရို ၁၀၀၀၀ ကို ရရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် တောမီးလောင်ရာမှ ထွက်လာသည့် မီးခိုးမြူများ အုံ့ဆိုင်းနေသည်ကို အောက်တိုဘာ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမြန်ရထားပေါ်၌ လက်ပစ်ဗုံးငါးလုံး သိမ်းဆည်းရမိ

အစ္စလမ္မာဘတ် အောက်တိုဘာ ၁၇

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ် ကွတ္တာဘူတာရုံတွင် ရပ်နားထားသည့် ဂျဖာအမြန်ရထားပေါ်၌ လက်ပစ်ဗုံးငါးလုံးရှာဖွေတွေ့ရှိကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့၏ အောက်တိုဘာ ၁၄ ရက် ပြောကြားချက်ကို ကိုးကား၍ သတင်းမီဒီယာက ဖော်ပြသည်။

ပါကစ္စတန်တွင် ရထားများဘူတာမှ မထွက်ခွာမီ သက်ဆိုင်ရာများက ပုံမှန်စစ်ဆေး ရှာဖွေလေ့ရှိသည်။ စနေနေ့က ထိုသို့ ရှာဖွေစဉ် ဂျဖာအမြန်ရထား၏ ရိုးရိုးတန်းတွဲ တစ်နေရာရှိ ထိုင်ခုံအောက်တွင် မသင်္ကာဖွယ် အထုပ်တစ်ထုပ်ကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေရာ လက်ပစ်ဗုံးငါးလုံးကို တွေ့ရှိရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အေပီပီ သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

ဂျဖာအမြန်ရထားသည်ဘလူချီစတန်ပြည်နယ်၏ မြို့တော် ကွတ္တာဘူတာနှင့် ရာဝါလ်ပင်ဒီမြို့တို့အကြား ပြေးဆွဲနေသော ရထားဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောမီးကြောင့်ဖြစ်ပေါ်သည့် မီးခိုးမြူပြဿနာဖြေရှင်းရေး အင်ဒိုနီးရှား၌ တောမီးစောင့်ကြည့်ရေးစခန်းများ ထားရှိမည်

ဂျကာတာ အောက်တိုဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ၌ နှစ်စဉ်တောမီးလောင်မှုကြောင့် မီးခိုးမြူဖြစ်ပေါ်ရသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် တောမီးလောင်တတ်သည့် ဒေသများတွင် မီးလောင်မှုအခြေအနေကို စောစီးစွာသိရှိနိုင်ရေးအတွက် ကင်းထောက်စခန်းတစ်ရပ်ထားရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ စစ်ဘက်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များက ပြောကြားသည်။

ဖော်ပြ

မီးခိုးမြူပြဿနာသည်ဆုမားတြားနှင့် ကာလီမန်တန်ဒေသများ၌နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည်။ ယင်းပြဿနာမှာ ရေတိုအခြေအနေကိုသာကြည့်၍ ဖြေရှင်းနိုင်မည်မဟုတ်သဖြင့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် အစီအမံများချ၍ ဖြေရှင်းမှုရမည့်ကိစ္စဖြစ်ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျိုကိုစန်တိုဆိုက စနေနေ့တွင် ပြောကြားသည်ကို အန်တာရာသတင်းဌာနကကိုးကား၍ ဖော်ပြခဲ့သည်။

မကြာခဏတောမီးလောင်လေ့ရှိသော ဒေသများ၌ တောမီးစောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ပုံစံမျိုးဖြင့် မီးကင်းများ ချထားလုပ်ကိုင်မည် ဖြစ်ကြောင်းသိရသည်။ ယင်းသို့ဆောင်ရွက်နေစဉ်မှာပင် ရေရှည်တွင် ပြဿနာကို ဖြေရှင်းနိုင်မည့် နည်းလမ်းများရှာကြံသွားရမည်ဖြစ်ကြောင်း၊ မီးလောင်တတ်သောနေရာများကို အကျိုးပြုနိုင်သော စိုက်ခင်းများအဖြစ် ဖန်တီးသွားသင့်ကြောင်း ဗိုလ်ချုပ်ကြီးစန်တိုဆိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လောင်ကျွမ်းသော တောမီးမှထွက်လာသည့် မီးခိုးမြူများ ပျံ့လွင့်မှုကြောင့် မလက္ကာရေကြောင်းသွားလာမှုကိုသာမက အိမ်နီးချင်း မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ တောင်ပိုင်းဒေသများ၏ စီးပွားရေးနှင့် ကျန်းမာရေးကိုပါ ထိခိုက်ရကြောင်း သိရသည်။ မီးခိုးမြူကိစ္စမှာ ဒေသတွင်း၌ ၁၉၉၇–၉၈ခုနှစ်က အဆိုးရွားဆုံးကြုံခဲ့ရပြီး စီးပွားရေးအရ အမေရိကန်ဒေါ်လာသန်း ၉၀၀၀မျှဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပဲခူးတိုင်းဒေသ၌ စပါးစိုက်ဧက သိန်း ၃၀ စိုက်ပျိုးရန် သတ်မှတ်ခဲ့ရာ ယခုအခါ ပြည့်မီကျော်လွန် ဆက်လက်၍ စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်အောင်တက်ညီလက်ညီကြိုးပမ်း အဓိကသီးနှံ ၁၀ မျိုးကို လျာထားချက်နှင့်အညီ တိုးချဲ့စိုက်ပျိုး

နေပြည်တော် အောက်တိုဘာ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် နဝဒေးတံတား၏ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် ဧရာဝတီမြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ပန်းတောင်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး မှာကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ပန်းတောင်းမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တ ဥက္ကဋ္ဌ ဒုတိယရဲမှူးလှဦးက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆွေးနွေး မှာကြားရာ၌ နိုင်ငံတော်တစ်ရပ်လုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် နိုင်ငံတော် အစိုးရက စီမံကိန်းကြီးသုံးခုဖြင့် စနစ်တကျအစီအမံများ ချမှတ်ကာ အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ ခု သတ်မှတ်ပြီး မြို့ကြီး များ၏ တိုးတက်ရေးကို ဆောင်ရွက် ပေးနေသည့်နည်းတူ နယ်စပ်ဒေသ အစွန်အဖျားများအထိ တိုးတက်မှု ရှိအောင်လည်း စီမံချက်များဖြင့် ဆောင် ရွက်ပေးလျက်ရှိကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်း စဉ် ငါးရပ်ဖြစ်သည့် လမ်းပန်း ဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့် မြင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြင့်တင်ပေးရေးနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူတို့က အောက်ခြေအထိ ကွင်းဆင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်း ပေးကြရမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းအနေဖြင့် စပါးစိုက်ဧက သိန်း ၃၀ စိုက်ပျိုးရန် နိုင်ငံတော်က သတ်မှတ်ပေးခဲ့ရာ ယခုအခါ ပြည့်မီ ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ စီမံလျာထားချက် ပြည့်မြောက် အောင်မြင်ခြင်းသည် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြိုးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံ ပြည်သူများ၏ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင် ရွက်ကြခြင်းကြောင့်ပင် ဖြစ်ကြောင်း၊ ဆက်လက်၍လည်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းအောင်မြင်အောင် တက်ညီလက်ညီ လက်တွဲကြိုးပမ်း ဆောင်ရွက်ကြဖို့တိုက်တွန်းလိုကြောင်း။

ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်း မြို့နယ်တွင် ညောင်ကိုင်းဆည်၊ ခဝါဆည်၊ လျှပ်စစ်မြစ်ရေတင်နှင့် တမံပိတ် စနစ်တို့မှ စိုက်ပျိုးရေ အလုံအလောက် ရရှိပြီး နွေစပါး၊မိုးစပါး စိုက်ပျိုးမှုနှစ်စဉ် တိုးတက်ဖြစ်ထွန်းလျက် ရှိသည်ကို တွေ့ရကြောင်း။

ထိုနည်းတူမြေပဲ၊နှမ်း၊နေကြာ စသည့် ဆီထွက်သီးနှံများကိုလည်း နှစ်စဉ်တိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကာ စားသုံးဆီ ဖူလုံမှု ရှိသည်ကို တွေ့ရကြောင်း။

အဓိကသီးနှံ ၁၀ မျိုးကို လျာထား ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးကြရန်နှင့် နိုင်ငံတော်မှ သတ်မှတ်ထားသော ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် တာဝန်ရှိသူများက ဒေသခံတောင်သူ များအား ခေတ်မီ စိုက်ပျိုးနည်းစနစ်များ အသုံးပြု ဆောင်ရွက်နိုင်ရေး စည်းရုံး ဆောင်ရွက်သွားကြစေလိုကြောင်း။

ထို့ပြင် ဘိုင်အိုဒီဇယ် ထုတ်လုပ် အသုံးပြုနိုင်သည့် ခြစ်စည်းရိုးကြက်ဆူကို ရည်မှန်းလျာထားချက်အတိုင်း ပြည့်မီ အောင် စိုက်ပျိုးရေး၊ အမယ်သစ် သီးနှံ ငရုတ်ကောင်းကိုလည်း တိုးချဲ့စိုက်ပျိုး ကြရေး၊ အိမ်တိုင်း အိမ်တိုင်း တစ်ပိုင် တစ်နိုင်မှ တစ်အုပ်တစ်မ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အလေးထား စည်းရုံးဆောင်ရွက်ကြရန်နှင့် ဌာန ဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံတော် အကျိုး၊ ဒေသအကျိုးကိုရှေးရှုပြီး နိုင်ငံ တော်၏စီမံကိန်းလုပ်ငန်းများ တိုးတက် အောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုနှင့် အဖွဲ့ဝင်များနှင့်အတူ နံနက် ၉ နာရီတွင် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့ စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်ဓာတ် အားပေးစက်ထုတ်လုပ်ရေးစက်ရုံ(ဆင်တဲ) နှင့် လျှပ်စစ်မီတာ ထုတ်လုပ်ရေးစက်ရုံ (ဆင်တဲ) ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပန်းတောင်းတပ်နယ်အတွင်းရှိ နယ်မြေ ခံ တပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်း ခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံ ပြည်သူများနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရေး၊ ဇီဝလောင်စာ ဆီ ထုတ်ယူသုံးစွဲနိုင်သည့် ခြစ်စည်းရိုး ကြက်ဆူပင်များကို တစ်ပိုင် တစ်နိုင် မှသည် တစ်အုပ်တစ်မအထိ တိုးချဲ့ စိုက်ပျိုးရေး၊ မိသားစုဝင်များ၏ ပညာ ရေး၊ကျန်းမာရေးကိစ္စရပ်များကို တာဝန် ရှိသူများက ဆောင်ရွက်ပေးရေးမှာကြား ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပန်းတောင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီး ဌာန၏ ညောင်ကိုင်း ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပဲခူး တိုင်း ဆည်မြောင်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ရေလှောင် တမံဆိုင်ရာ အချက်အလက်များ၊ မိုး ရွာသွန်းမှုနှင့် ရေသိုလှောင်နိုင်မှု အခြေ အနေ၊ နွေစပါးစိုက်ပျိုးရန် စိုက်ပျိုးရေ ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နွေစပါးစိုက်ပျိုးရေးအတွက် ဆည် ရေသောက် ဧရိယာဧက ၂၂၅၀ အတွင်း ဆည်ရေအပြည့်အဝ ပေးဝေနိုင်ရန် တာဝန်ရှိသူများအား မှာကြားပြီး မော်တော်ယာဉ်ဖြင့် ဆည်အတွင်း ရေ သိုလှောင်ထားရှိမှု၊ ရေထိန်းမျှော်စင်နှင့် ဆည်ပြုပြင် ထိန်းသိမ်းဆောင်ရွက် ထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ရေပိုလွှဲသို့ ရောက်ရှိ စစ်ဆေးရာ တာဝန်ရှိသူများက ရေပိုလွှဲ တွင် စုစုပေါင်း ရေကေပေ ၂၀၈၀၀ အထိ ပိုမိုသိုလှောင်နိုင်မှုတို့ကိုရှင်းလင်း ပြသကြသည်။

အဆိုပါ ညောင်ကိုင်း ရေလှောင် တမံသည် ပန်းတောင်းမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၃၀၀၀ကို စိုက်ပျိုး ရေပေးဝေရန်နှင့် ဧရာဝတီမြစ်အနောက် ဘက်ကမ်း ပန်းတောင်းမြို့နယ် ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက် အကူပြုနိုင်ရန် ရည်ရွယ်တည်ဆောက် ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မော်တော်ယာဉ်ဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက် ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပန်းတောင်း တပ်နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး တပ်ကြီးရေအားလျှပ်စစ်စက်ရုံ၊ အမှတ်(၁)နှင့် အမှတ်(၂) ဇော်ဂျီရေအားလျှပ်စစ်စက်ရုံ၊ ဇော်ဂျီရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တောင်ကြီး–ရပ်စောက်ကားလမ်း လမ်းဘေး ဝဲ/ယာ တစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဆင်တဲကျေးရွာ၌ တောင်သူ ဦးထွန်းတင်၊ ဦးစံရွှေနှင့် ဦးကိုမျိုးတို့၏ ရိတ်သိမ်းပြီး ပြောင်းများ စက်ဖြင့် ပြောင်းသီးနှံခြွေလှေ့နေမှုကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ရပ်စောက်မြို့နယ်အတွင်း ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး လျာထားဧက ၅၉၁၈၀ တွင် ၅၉၂၀၄ ဧက စိုက်ပျိုးပြီး ဖြစ်ကြောင်းနှင့်အစေ့ထုတ်ပြောင်းနှင့် နံ့စားပြောင်းလျာထား ဧက ၃၅၄၃၅ဧကတွင်၃၅၄၃၈ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရပြီး ရပ်စောက်မြို့နယ်သည် ၂၀၀၆ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်(FAO)မှ ချီးမြှင့်သော အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ဆုရရှိထားကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းမှူးသည် ရပ်စောက်မြို့နယ်ရှိ တပ်ကြီး ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်၍ စက်ယန္တရားများ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တာဘိုင်များ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု၊ တမံအတွင်း ရေဝင်ရေထွက်နှင့်ရေပိုလွှဲ၊ရေတံခါးများကြံ့ခိုင်မှုအခြေအနေ တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စက်ရုံမှူး ဦးသန်းထွန်းအေးနှင့် စက်ရုံဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ် လုပ်ရေး လုပ်ငန်း အမှတ်(၁)ဇော်ဂျီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သို့ရောက်ရှိရာ ရေအားလျှပ်စစ်ဦးစီးဌာန အထွေထွေမန်နေဂျာ ဦးကြည်သာနှင့် စက်ရုံမှူး ဦးမြတ်စိုးကျော်တို့က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း စက်များကြံ့ခိုင်မှု၊ မြေထိန်းနံရံ တည်ဆောက်ရေး ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် အမှတ်(၂) ဇော်ဂျီရေအား လျှပ်စစ် ဓာတ်အားပေး စက်ရုံတည်ရှိရာ ဇော်ဂျီရေလှောင် တမံသို့ သွားရောက်ရာ ရှင်းလင်းဆောင်၌ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဆွေက ရေလှောင်တမံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် အမှတ်(၂)ဇော်ဂျီရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်များ ကြံ့ခိုင်ကောင်းမွန်မှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး နေမှု၊ ရေဝင်ရေထွက်နှင့် ရေတံခါးများ၊ ရေပိုလွှဲများ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ စက်ရုံမှူး ဦးချိုအေးနှင့် စက်ရုံဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် တိုင်းမှူး သည် ဇော်ဂျီရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေပိုလွှဲများ အခြေအနေ၊ တာပေါင်များ ကြံ့ခိုင်ကောင်းမွန်မှုနှင့် တာတမံကြံ့ခိုင်ရေးအတွက် ဗထူးတပ်နယ်မှ တပ်မတော် သားများက မြေဖို့ခြင်းလုပ်ငန်းများ တပျော်တပါး စုပေါင်း ဆောင်ရွက်နေမှုများကို တာပေါင်တစ်လျှောက် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

အမှတ်(၁)ဇော်ဂျီရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တွင် ၆ မဂ္ဂါဝပ် တာဘိုင်စက်သုံးလုံးနှင့် အမှတ်(၂)ဇော်ဂျီ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ၆ မဂ္ဂါဝပ် တာဘိုင်စက် နှစ်လုံး တပ်ဆင်ထားရှိပြီး အမှတ်(၂)ဇော်ဂျီ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၆၆ ကေဗွီ ဓာတ်အား လိုင်းမှတစ်ဆင့် မဟာဓာတ်အားလိုင်းအတွင်းသို့ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိရာ ရပ်စောက်မြို့နယ်နှင့် ဗထူး တပ်နယ်အတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူး ပေးလျက်ရှိကြောင်းနှင့် ဇော်ဂျီရေလှောင်တမံမှ ဆည်ရေ သောက်ဒေသများနှင့် မိတ္ထီလာ၊ ကျောက်ဆည်ဒေသများတွင် သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော စိုက်ပျိုးရေကို လိုအပ်သလို ထိန်းညှိဖြန့်ဝေ ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်က ဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိ ဘုတ်ပြင်းမြို့နယ်တွင် စပါးစိုက်ပျိုးမှုတိုးတက်လာအောင် အလေးထားကြိုးပမ်း တောင်ယာစပါးစိုက်ဧကများကို ဆက်လက်တိုးချဲ့၍ ကုန်းမြင့်လယ်ယာဖော်ထုတ်

နေပြည်တော် အောက်တိုဘာ ၁၈

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့ရှိ ဓမ္မဝိဇယ ပရိယတ္တိစာသင်တိုက် ပရိယတ္တိကျောင်းဆောင်၌ ပဓာန နာယကဆရာတော် ဘုတ်ပြင်းမြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ဣန္ဒာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဘုတ်ပြင်းမြို့ ရာဇမုနိစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန်အတွက် အလှူတော်ငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအင်ပေါထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ငွေကျပ်နှစ်သိန်း၊ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ငွေကျပ်တစ်သိန်း၊ ရေလုပ်ငန်းရှင် ဦးစောဂျက်-ဒေါ်ခင်စိုးတို့က ငွေကျပ်နှစ်သိန်းတို့ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရေလုပ်ငန်းရှင် ဦးစောဂျက်-ဒေါ်ခင်စိုးတို့က စာသင်သံဃာများအတွက် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စ အသုံးပြုရန် လှူဒါန်းငွေ ကျပ်နှစ်သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိလာပြီး နဝရတ်ခန်းမ၌ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ဆရာမများအားတွေ့ဆုံ၍ ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ပညာရေးမှူး ဒေါ်လှသန်းက ဘုတ်ပြင်းမြို့နယ်၏ ပညာရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘုတ်ပြင်းမြို့နယ်၏ ပညာရေးကဏ္ဍ ဆောင်ရွက်မှုများအပေါ် မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းကာ အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဘုတ်ပြင်းမြို့နယ်ကို ကုန်းတွင်းပိတ်ဒေသအဖြစ်မှ လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် ဆရာ၊ဆရာမများက ဒေသတွင်း ကျောင်းသားလူငယ်များအား အရည်အချင်းပြည့်ဝသော လူတော်လူကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်သင်ကြားပေးရေး ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း စာသင်ခုံများ ပြုလုပ်ရန် ငွေကျပ်ခြောက်သိန်းကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရေလုပ်ငန်းရှင် ဦးစောဂျက်-ဒေါ်ခင်စိုးတို့က ဘုတ်ပြင်း အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် ငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ကြီး ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ ဘုတ်ပြင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါးစိုက်ပျိုးမှုနှင့် ဒေသဝမ်းစာ ဖူလုံမှုအခြေအနေ၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အပေါ် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ယခုအခါ နိုင်ငံတော်က ဒေသအားလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် စေတနာထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုန်းမြင့်လယ်ယာမြေ

ဘုတ်ပြင်းမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံမှုမရှိသေးသဖြင့် အဓိကစားသုံးသီးနှံဖြစ်သော စပါးစိုက်ပျိုးမှု တိုးတက်လာအောင် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် တောင်ယာစပါး စိုက်ဧကများကို ဆက်လက်တိုးချဲ့၍ ကုန်းမြင့်လယ်ယာမြေများအဖြစ် ဖော်ထုတ်လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

ဒေသ၌တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်က အလေးထားအကောင်အထည်ဖော်နေသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲ၍ စေတနာထား လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ပြည်သူ့ဆေးရုံ(ခုတင်-၅၀)သို့ ရောက်ရှိပြီး ဆေးရုံရှိ လူနာဆောင်များ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၁၂နာရီခွဲတွင် ဘုတ်ပြင်းမြို့ တပ်နယ်ခန်းမ၌ ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံ (ခုတင်-၅၀)ရှိ ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၀၆ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ အကပဒေသာ
၈း၂၅ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြုများ) (သတ္တဗေဒ)
၅း၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅း၂၀ ၇။ အတီးပြိုင်ပွဲ
၅း၃၀ ၈။ **“သူငယ်ချင်းမရှိတဲ့ဥပဒေ” (မင်းဝေ၊ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သီရိဂေဟာ
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နတ်သမီး”(အပိုင်း-၁၀)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး ပထမချစ်ပုံပြင်” (အပိုင်း-၉)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား မဟာဗောဓိပရိယတ္တိ သာသနာပြုအသင်းမှ ဦးဆောင်၍ ဒါယကာ၊ ဒါယိကာမများ စုပေါင်းကာ (၂၈)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) အောက်တိုဘာ ၂၈ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ ဒါယိကာမများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိတော့၍ စစ်ကိုင်းတိုင်း ရေဦးမြို့နယ် NLD ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းညွန့်ဝင်း၊ တပ်သစ်ကျေးရွာမှ ရပ်/ကျေး ဥက္ကဋ္ဌ ဦးညွန့်သောင်နှင့် ရပ်/ကျေး အတွင်းရေးမှူး ဦးစိန်လှ၊ ဆီဆုံကျေးရွာမှ ရပ်/ကျေး ဥက္ကဋ္ဌ ဦးဌေးမောင်နှင့် ရပ်/ကျေး အတွင်းရေးမှူး ဦးမန်းတင်တို့ ငါးဦးသည် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး ဇွန် ၃၀ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံတော်နှင့် ပြည်သူအကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ မှားယွင်းသည့် မူဝါဒများနှင့် မှားယွင်းသည့်လုပ်ဆောင်ချက်များကိုပါ တစိုက်မတ်မတ် လုပ်ဆောင်နေကြောင်း၊ NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း၊ အယုံအကြည်မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဝင်အဖြစ်မှလည်းကောင်း၊ NLD ပါတီ၏ တာဝန်များမှလည်းကောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ပါကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိကြသည့် ကိုယ်စားလှယ် ၁၀၉ဦး ရှိသည့်အနက် ကိုယ်စားလှယ် ၁၀၈ဦးတို့ တက်ရောက်ကြ၍ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၈ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိနှင့် သဘာပတိအဖွဲ့ဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီ အစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက် အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး ကိုယ်စားလှယ် အစုအဖွဲ့အသီးသီး၏ သဘောထားများကို ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်ကို အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းနှင့် တရားရုံးချုပ်မှ ဦးမောင်မောင်တို့က ဖတ်ကြား တင်ပြကြသည်။

ဆက်လက်၍ သဘာပတိက နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားတင်ပြချက်ကို အစည်းအဝေးသို့ တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူပြီး အတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ(တက္ကသိုလ်တင်ခ) အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဝါတွင်း ဆွမ်းသိမ်းအောင်ပွဲ ဓမ္မသဘင်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ(မြောက်) အနောက်ရပ်ကွက် အနောက်ဗဟိုလမ်း သံဃဒါနဆွမ်းလောင်းအသင်း၏ ဝါတွင်း ဆွမ်းအောင်ပွဲအထိမ်းအမှတ် ဓမ္မသဘင်ကို အောက်တိုဘာ ၂၁ရက်မှ ၂၇ရက်အထိကျင်းပမည်ဖြစ်၍ အောက်တိုဘာ ၂၁ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီ)၊ ၂၂ရက်တွင် အရှင်အာစာရာလင်္ကာရ၊ ၂၃ရက်တွင် ဦးဇဋိလ(ရန်ကုန်ကျောင်းတိုက်)၊ ၂၄ရက်တွင် အရှင်ခေမိန္ဒ (စစ်ကိုင်းခင်မကန်)၊ ၂၅ရက်တွင် အရှင်စန္ဒသူရိယ(အောင်စကြာ)၊ ၂၆ရက်တွင် တွံတေးအရှင်ဣန္ဒက၊ ၂၇ရက်တွင် အရှင်နရပတိ(ဖြူးဆရာတော်)တို့က အနောက်ဗဟိုလမ်း ဓမ္မသဘင်မဏ္ဍပ်၌ ညစဉ် ၈နာရီမှ စတင်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အမေရိကန်၏လုပ်ဆောင်ချက်သည် ကုလသမဂ္ဂအခြေခံမူနှင့် မကိုက်ညီသည့်အပြင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကိုထိပါး၍ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှု ထိခိုက်

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ။၂၅–၉–၂၀၀၆

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချကာ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်စေသည်ဟုစွပ်စွဲပြီး ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် မြန်မာနိုင်ငံအခြေအနေအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက်ကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ပြီး မိမိတို့၏ယဉ်ကျေးမှုအစဉ်အလာကို စောင့်ထိန်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အတူ ကုလသမဂ္ဂအခြေခံမူ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်အညီ တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ကျူးကျော်ခြင်းများ မပြုလုပ်ခဲ့ပါ။ တိုင်းပြည် အေးချမ်းတည်ငြိမ်မှုရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်ပနိုင်ငံများ၏ လုံခြုံရေးအပေါ်၌လည်း မည်သို့မျှ ထိခိုက်နိုင်စရာအကြောင်းမရှိပါ။

အမေရိကန်၏ ယခုလုပ်ဆောင်ချက်သည် ကမ္ဘာ့ကုလသမဂ္ဂအခြေခံမူနှင့်မကိုက်ညီသည့်အပြင် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ထိပါးစေ၍ တိုင်းရင်းသားလူမျိုးများ၏ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုအား (လုံး၀)လက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ကြောင်း နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့က အတိအလင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးလီချန်း
ဥက္ကဋ္ဌ
နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့

သွေးဆေးကန် မွန်ပါဋ္ဌိတက္ကသိုလ်ကျောင်း ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ရာမညဝေပုလ္လတိုက်၊ သွေးဆေးကန် မွန်ပါဋ္ဌိတက္ကသိုလ်၊ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ နိုဝင်ဘာလ ၄ ရက်၊ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (စနေနေ့)တွင် မွန်ဘုံကထိန် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများသည် ကထိန်သင်္ကန်း၊ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် အလှူငွေများကို ဆရာတော် ဘဒ္ဒန္တဝါရ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝံသဓမ္မနှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့ လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၀–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၁၀	၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – လျှို့ဝှက်ချက် (အပိုင်း–၂၅)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ **English Usage**
	၁၉။ ဗွီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရွှေမင်းသမီး (အပိုင်း–၁၉)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ပဲခူးတိုင်း မင်းလှမြို့ အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၈

ပဲခူးတိုင်း၊ မင်းလှမြို့ အစိုးရအထက်တန်းကျောင်း ကျောင်းသားဟောင်းများကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မင်းလှမြို့ အစိုးရအထက်တန်းကျောင်း(စိန်ရတုအမျိုးသားကျောင်း) သပြေခန်းမတွင် နိုဝင်ဘာ ၄ရက်၊ တန်ဆောင်မုန်းလပြည့်(စနေနေ့) နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ မင်းလှမြို့ရှိ ကျောင်းသားဟောင်းများ၊ ရန်ကုန်မြို့နှင့် ရပ်ဝေးရှိ ကျောင်းသားဟောင်းများသည် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက မင်းလှမြို့တွင် ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်၊ ဒေါ်စန်းမော်ချို၊ ဒေါ်တင်တင်အေး၊ ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း–၅၂၆၇၃၅၊ ဦးမြင့်ဆွေ ဖုန်း–၂၅၆၀၃၇၊ ဦးသန်းစိုး ဖုန်း–၃၈၂၇၈၇(ရုံး)– ၅၃၄၇၃၆(အိမ်)၊ ဦးတင်မောင်ဦး ဖုန်း–၅၀၁၀၅၁ နှင့် ဗိုလ်ကြီးမြင့်အောင်(ငြိမ်း) ဖုန်း–၆၉၉၄၀၆ တို့ထံ ဆက်သွယ်ပေးပို့လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေး တိုးတက်သည်ထက်တိုးတက်အောင် ဆက်တိုက်ဆောင်ရွက်သွားမည် ပြည်သူများကလည်း မိမိတို့ဘဝအဆင့်အတန်း မြင့်မားတိုးတက်လာအောင် ကိုယ်တိုင်ကြိုးပမ်းအားထုတ်ကြရန်လို

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နောင်မွန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်မွန်မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ညနေ ၃ နာရီတွင် နောင်မွန်မြို့မှ နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး နမ့်တမိုင်ခန်းမ၌ ပန်နန်းဒင်မြို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပန်နန်းဒင်မြို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ရေအားလျှပ်စစ်ရရှိရေး၊ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ နယ်မြေတာဝန်ခံများအား မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသ၌ တည်ရှိနေသော ပန်နန်းဒင်ဒေသနှင့် နောင်မွန်၊ ပူတာအိုမြို့နယ်များအကြား ဆက်သွယ်သွားလာမှု ချောမွေ့စေရေးအတွက် အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် အားပေးစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပန်နန်းဒင်မြို့အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများက အဝတ်အထည်များ၊ ဆေးဝါးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကို ပေးအပ်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ပန်နန်းဒင်မြို့ ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ရဟတ်ယာဉ်များဖြင့် ပန်နန်းဒင်မြို့မှ ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပူတာအိုမြို့သို့ရောက်ရှိပြီးနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူလာရှီးဒီကျေးရွာသို့ သွားရောက်ကြပြီး ရွှေလေကုမ္ပဏီလီမိတက်၏ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ မန်နေဂျာ ဦးသောင်းပိုက ပဏာမရှင်းလင်းတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုတယ်၏ ဘန်ဂလို အဆောက်အအုံများနှင့် Mainlodge အဆောက်အအုံ တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ပူတာအိုမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် လူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ပူတာအိုခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းလွင်က ရှင်းလင်းတင်ပြရာ၌ ပူတာအိုပြည်သူ့ဆေးရုံကို ၁၉၈၁ ခုနှစ်တွင် (၂၅)ခုတင်အဆင့်မှ ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း၊ တိုးတက်များပြားလာသည့် လူဦးရေနှင့် ခရိုင်မြို့ဖြစ်သည့်အားလျော်စွာ ၁၉၉၈ ခုနှစ်တွင် ခရိုင်အဆင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ယခုအခါ ခရိုင်ဆေးရုံကြီးတစ်ခုတွင် ပြည့်စုံသင့်သည်များ ပြည့်စုံအောင် နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် လူနာဆောင်သစ်မှာ သံကူကွန်ကရစ် တစ်ထပ် အဆောက်အအုံဖြစ်ပြီး အလျား ၁၆၂ ပေ၊ အနံပေ ၄၀ ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က လူနာဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးချုပ်က လူနာဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့က လှူဒါန်းသည့် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် သိန်း ၈၀၊ မူလာရှီးဒီတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် သိန်း ၃၀၊ မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် သိန်း ၂၀၊ ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ်သိန်း ၂၀၊ နောင်မွန်မြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၅ သိန်း၊ ခေါင်လန်ဖူးမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၅ သိန်း၊ ပန်နန်းဒင်မြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၅သိန်း၊ မချမ်းဘောမြို့နယ် ထရန်ဒမ်းတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်း ဆေးပဒေသာပင်အလှူငွေကျပ် ၂၀၅ သိန်းကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပူတာအိုခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းလွင်အား ပေးအပ်လှူဒါန်းသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မူလာရှီးဒီကျေးရွာ၌ ရွှေလေကုမ္ပဏီလီမိတက်၏ ဟိုတယ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ပူတာအိုခရိုင် ပြည်သူ့ဆေးရုံကဲ့သို့ပင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိခြင်းမှာ ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြှင့်တင်ပေးနိုင်ရေးအတွက်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စအပါအဝင် လူမှုစီးပွားဘဝတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးတည်ချက်များ ချမှတ်ပြီး ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နောင်တွင်လည်း ပြည်သူများအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် မည်သည့်အခါမှ ရပ်တန့်မနေဘဲ တိုးတက်သည်ထက် တိုးတက်အောင် ဆက်တိုက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်သူများကလည်း နိုင်ငံတော်၏ စောင့်ရှောက်မြှင့်တင်ပေးမှုများကို နားလည်ခံယူ၍ မိမိတို့၏ ဘဝအဆင့်အတန်း မြင့်မားတိုးတက်လာအောင် ကိုယ်တိုင်ကြိုးပမ်းအားထုတ်ကြရန်လည်း လိုကြောင်း။

နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုအောက်၌ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းကာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြင်ပလူနာဌာန၊ သွားနှင့်ခံတွင်း ကျန်းမာရေးဌာန၊ လူနာများနှင့်ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမသို့ သွားရောက်ကြပြီး ပူတာအိုခရိုင်နှင့် ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက ပူတာအိုခရိုင်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ ပူတာအိုလွင်ပြင်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုများ၊ ဒေသ၌ ရေနံပင်(Tung Tree) စိုက်ပျိုးဖြစ်ထွန်းမှုနှင့် ရေနံပင်မှ ဇီဝလောင်စာ ထုတ်ယူရရှိမှုများ၊ ခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ လူတစ်ဦးချင်း ဝင်ငွေ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ရေအားလျှပ်စစ်ရရှိရေး၊ ခရိုင်ပြည်သူ့ဆေးရုံ၌ ဂါလန် ၁၅၀၀ ဆံ့ ရေစင်တည်ဆောက်ရေး၊ သစ်တောများ ထိန်းသိမ်းကာကွယ်ရေးကိစ္စများ၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့၌ အခြေခံပညာ ဆရာ၊ ဆရာမများ ဖြည့်စွက်ခန့်ထားရေး ကိစ္စများကို ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က လိုအပ်ချက်များကိုဖြည့်ဆည်းပေးပြီး မှာကြားရာတွင် ဒေသအတွင်း လမ်းများ ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်နိုင်ရန် ယာဉ်ယန္တရားများ ဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ ကြီးကြပ်ကွပ်ကဲမှုကောင်းကောင်းဖြင့် လမ်းလုပ်ငန်းများ တိုးတက်ပြီးစီးအောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ဒေသအတွင်းအုပ်ချုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စများကို မိမိတို့အားလုံး တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ပူတာအိုလွင်ပြင်သည် အလွန်ကျယ်ပြန့်ပြီး သဘာဝအရင်းအမြစ်ကောင်းမွန်သည့် လွင်ပြင်ကြီးဖြစ်ရာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်နေရာတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင်၊ မြေသယံဇာတများကို အပြည့်အဝအသုံးချစိုက်ပျိုးပြီး ဝင်ငွေများ တိုးပွားလာအောင် အားထုတ်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်ရာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ကြိုးကြိုးစားစား အလုပ်လုပ်သွားကြရန်ဖြစ်ကြောင်း။

ပူတာအိုလွင်ပြင်၏ မြေသယံဇာတနှင့် ရေသယံဇာတတို့ကို တန်ဖိုးမြှင့်တင် အသုံးချလာနိုင်အောင် မိမိတို့က နည်းလမ်းရှာကြံ၍ အကူအညီပေးကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပူတာအိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပူတာအိုခရိုင် ကျန်းမာရေးဦးစီးဌာနမှူးအား ဆေးပစ္စည်းများကို ပေးအပ်ပြီး တိုင်းမှူးက အဝတ်အထည်များကို ပေးအပ်သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဒေသ၌ ဖြစ်ထွန်းသည့် ရေနံပင်၊ ရေနံပင်အသီး၊ အစေ့၊ ကြိတ်ဖတ်နှင့် ဆီနမူနာတို့ကို လည်းကောင်း၊ တိန်းကောပင်၊ တိန်းကောသီးနှင့် တိန်းကောစားသုံးဆီ နမူနာတို့ကိုလည်းကောင်း၊ ဂရိတ်ဖရု၊ တယ်သီး၊ ရှိုးပတီး၊မချစ်ဥ၊ ခန်းတောက်မြစ် စသည့်ဒေသထွက်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ထေရဝါဒ ဗုဒ္ဓဗဟိုသာသနာပြုကျောင်းသို့ သွားရောက်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မတ်ပန်ကွင်းသို့ သွားရောက်ကြပြီး အထွက်ကောင်း မော်ဘီ-၃၊ ရွှေရင်အေး၊ ဆင်းသွယ်လတ် စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ ဆွမ်ပရာဘွမ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ ဆွမ်ပရာဘွမ် အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များ အခြေအနေနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ကျောင်းနှင့် ဓာတိမာန်သီချင်း သံပြိုင်သီဆိုမှုများကို အားပေးကြပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးကြသည်။

လက်ဆောင်ပစ္စည်း ပေးအပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပန်နန်းဒင်မြို့အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ထို့နောက် ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဘန်ရှုခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်သိန်းနှင့် နယ်မြေခံတာဝန်ရှိသူများက ဆွမ်ပရာဘွမ်မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ဆွမ်ပရာဘွမ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များအပေါ် လိုအပ်ချက်များကို စီမံဆောင်ရွက်ပေးပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆွမ်ပရာဘွမ်မြို့နယ်အပါအဝင် ကချင်ပြည်နယ်အတွင်းရှိ ဝေးလံပြီး ဆက်သွယ်မှုခက်ခဲသော ဒေသများသို့ လှည့်လည်သွားရောက်၍ ဒေသ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းစီစဉ်ပေးမှုများ၊ နိုင်ငံတော်၏ ဦးစီး ဦးဆောင်ပြု ဆောင်ရွက်မှုများနှင့်အတူ ဒေသခံပြည်သူများက မိမိဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူထားရှိကာ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ မြို့မိ၊ မြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် အင်ဂျန်းယန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေးက အင်ဂျန်းယန်မြို့နယ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက ဒေသအတွင်း ကားလမ်းဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အင်ဂျန်းယန်မြို့ တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို မှာကြားပြီး မြို့နယ်အတွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ပူတာအိုမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ လူနာဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆေးပစ္စည်းများကို တာဝန်ခံဆရာဝန်သို့ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများသို့ ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဆောက်လုပ်ဆဲ စုပေါင်းရုံးနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ စာသင်ကျောင်း၌ စာသင်ကြားနေသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားလည်း နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံ ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းတွင် ပူတာအိုတပ်နယ် ဗန္ဓုလခန်းမ၌ ပူတာအိုတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား လိုက်လံနှုတ်ဆက် အားပေးသည်။

အောက်တိုဘာ ၁၅ ရက် ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံး၌ ခရိုင်နှင့်မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို အားပေးမှာကြားကြသည်။ (သတင်းစဉ်)

❍ ဒေသအတွင်း အုပ်ချုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကိစ္စများကို မိမိတို့အားလုံး တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်၊

❍ ပူတာအိုလွင်ပြင်သည် အလွန်ကျယ်ပြန့်ပြီး သဘာဝအရင်းအမြစ်ကောင်းမွန်သည့် လွင်ပြင်ကြီးဖြစ်ရာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နေရာတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင်၊ မြေသယံဇာတများကို အပြည့်အဝ အသုံးချစိုက်ပျိုးပြီး ဝင်ငွေများ တိုးပွားလာအောင် အားထုတ်စီမံဆောင်ရွက်။

➪ (၁၄)ကြိမ်မြောက်မှ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက် ညွှန်ကြားရေးမှူး(ဂီတ) (အငြိမ်းစား) တေးသံရှင် ဒေါ်တင်တင်မြ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မေသက်နှင့် အဆိုအကဲဖြတ်လုပ်ငန်း အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် ပထမတန်း အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ၌ ရွှေတိုင်ညွှန့် ရေးစပ်သီကုံးပြီး ဒေါ်ကြည်အောင် သီဆိုသည့် ‘ဖောဓိပင်နဲ့ ရွှေပလ္လင်’သီချင်းဖြင့် တနင်္သာရီတိုင်းမှ ဦးဟန်စိုး၊ မွန်ပြည်နယ်မှ ဦးမင်းဟန်၊ ရခိုင်ပြည်နယ်မှဦးစန်းလွင်၊ ပဲခူးတိုင်းမှ ဦးမောင်မောင်ခင်၊ မန္တလေးတိုင်းမှ ဦးကံမြင့်ဝင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ မန္တလေးတိုင်းမှ ဦးဇော်ဝင်းမောင်၊ ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ စစ်ကိုင်းတိုင်းမှ ဦးဇော်မင်းအောင်၊ ကရင်ပြည်နယ်မှ ဦးအောင်အောင်၊ ရန်ကုန်တိုင်းမှ ဦးဇော်မင်းထွန်း၊ မကွေးတိုင်းမှ ဦးမောင်မောင်သိန်းနှင့် ချင်းပြည်နယ်မှ ဦးသက်နိုင်တို့ သီဆိုပြိုင်ပွဲကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ရွှေပြည်အေး ရေးစပ်သီကုံးပြီး ရုပ်ရှင်မင်းသမီး အကယ်ဒမီ မြင့်မြင့်ခင် သီဆိုသည့် “မြစ်ကြီးဧရာဝတီ” သီချင်းဖြင့် ရန်ကုန်တိုင်းမှ မယွန်းလဲ့ခင်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊

မယ်ဒလင်တီး ယှဉ်ပြိုင်

အခြေခံပညာအဆင့် အသက် (၁၅-၂၀) နှစ် အမျိုးသမီး မယ်ဒလင်တီးပြိုင်ပွဲတွင် ရန် ကုန် တိုင်း မှ မနွေ့ဇင်ဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်မှ မတီလ်တလဲန်၊ ရန်ကုန်တိုင်းမှ မစံပယ်ဖြူသိန်း (ခ) ဖြူစင်သူ၊ မွန်ပြည်နယ်မှ မစန္ဒာဒေဝီ၊ တနင်္သာရီတိုင်းမှ မချယ်ရီဝေ၊ ပဲခူးတိုင်းမှ မတိုးတိုးလှိုင်၊ မကွေးတိုင်းမှ မသဲစုအောင်၊ မန္တလေးတိုင်းမှ မလွင်မာနိုင်နှင့် မနန္ဒာလင်း၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်နှင့် စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့အတူ မဟာဂီတ အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး အနုပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ် လုပ်ငန်း အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် “တောင်ယံတောကြီး” (မွန်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ရန်ကုန်သန်းဆွေ၊ စစ်ကိုင်းတိုင်းမှ ဦးတက်ခေတ်လင်းဇော်(ခ)ဦးလင်းဇော်၊ ရန်ကုန်တိုင်းမှ ဦးကောင်းဆက်၊ မန္တလေးတိုင်းမှ ဦးအေးသန့်၊ ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ မန္တလေးတိုင်းမှ ဦးမြမြင့်အောင်၊ ရခိုင်ပြည်နယ်မှ ဦးကိုကိုနိုင်၊ တနင်္သာရီတိုင်းမှ ဦးဟန်စိုးနှင့် မွန်ပြည်နယ်မှ ဦးမင်းဟန်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေအခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် “ဝေယံလိုပင်” (ကြိုး)သီချင်းဖြင့် ကရင်ပြည်နယ်မှ မသဲနုအေး၊ ဧရာဝတီတိုင်းမှ မဇင်ဒေဝီထွန်း၊ ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ မန္တလေးတိုင်းမှ မနှင်းမေဇွန်၊ ရန်ကုန်တိုင်းမှ မနှင်းအေးဝေ၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ မကွေးတိုင်းမှ မသီဂီစိုး၊ မွန်ပြည်နယ်မှ မသဲယွန်းလွှာ၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ မန္တလေးတိုင်းမှ မခင်စံပယ်၊ ပဲခူးတိုင်းမှ မဝသုန်ဦး၊ ရှမ်းပြည်နယ်မှ မခိုင်ဝါဝင်းတင့်၊ တနင်္သာရီတိုင်းမှ မဖူးမြတ်ပွင့်စနှင့် ကချင်ပြည်နယ်မှ မကြည်ကြည်ဝါတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အကအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်းတျာကျောင်း(ရန်ကုန်) ကျောင်းအုပ် ဒေါ်မူမူခင်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန (မန္တလေး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းနှင့် အကအကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မနိုနီ၊ မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ရန်ကုန်တိုင်းမှ မယွန်းအိနို၊ မန္တလေးတိုင်းမှ မသီရိမေ၊ မန္တလေးတိုင်းမှ မသီသီဝင်း၊ မွန်ပြည်နယ်မှ မသန္တာချို၊ ဧရာဝတီတိုင်းမှ မဇင်လင်းမီမီ၊ ကချင်ပြည်နယ်မှ မယမင်းရွှေစင်၊ စစ်ကိုင်းတိုင်းမှ မငုဝါနိုင်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊ မကွေးတိုင်းမှ မသရဖူသိန်း၊ ကရင်ပြည်နယ်မှ မလွန်းပိုးအိဖြူ၊ ရှမ်းပြည်နယ်မှ မခင်ခင်သွယ်၊ ကရင်ပြည်နယ်မှ မနန်းသစ္စာလှိုင်၊ ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ ကယားပြည်နယ်မှ မနန်းသဇင်ဖွေးဖွေး၊ ရခိုင်ပြည်နယ်မှ မပန်းအိဖြ၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ဧရာဝတီတိုင်းမှ မအိဖြိုးပိုင်၊ မွန်ပြည်နယ်မှ မခင်သီရိထက်ဦး၊ ပဲခူးတိုင်းမှ မထက်ထက်ဝေ၊ ရှမ်းပြည်နယ်မှ မသင်းနန္ဒာနိုင်(ခ) ဖောင်းဖောင်းတို့ ပါဝင်ယှဉ်ပြိုင် ကပြကြသည်။

အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် အမျိုးသား ဒိုးပတ် အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့ ပါဝင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်၏ အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း စိုက်ပျိုးရေး သုတေသန ဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးလေးညွန့်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးဇော်ဌေးနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အောက်တိုဘာ ၁၅ရက် ပြိုင်ပွဲတွင် ယဉ်ကျေးသိမ်မွေ့တို့ဓလေ့ ခေါင်းစဉ်ဖြင့် တေးစာသား ရေးသားခဲ့သော ဝါသနာရှင်အဆင့် (ပထမတန်း)၏ တေးစာသားများကို သံစဉ်ထည့်သွင်း လေ့ကျင့်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း စိုက်ပျိုးရေး သုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်နှင့် ဒိုးပတ်အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးစိန်ကုလား(ခ) ဦးအောင်ဝမ်းတူး၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နွယ်နွယ်စိုးတို့နှင့် အကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်အဖွဲ့နှင့် မောင်ဗိုလ်ရှိုင်း (ခ) တင်ထက်ပိုင်လင်းအဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းစိုး(ခ) မင်းထက်အောင်အဖွဲ့နှင့် မောင်ပြည့်ဖြိုးမော်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ဖြိုးကိုကိုအဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ ဦးရဲနိုင်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ဝဏ္ဏအဖွဲ့၊ မကွေးတိုင်းမှ ဦးအုန်းလှိုင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇာနည်ဘိုအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရွှေဆိုင်း(ခ) ဦးဝေမြင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးဇေယျာထွန်းဝေအဖွဲ့၊ မန္တလေးတိုင်းမှ ဦးဟိန်းမင်းဇော်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ အောင်သန်းဇော်တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ မယ်ဒလင်အတီး အကဲဖြတ် ခေါင်းဆောင် ဦးမောင်မှိုနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲတွင် “မင်္ဂလာသီရိ” (ဘွဲ့) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ မွန်ပြည်နယ်မှ မောင်အောင်ဟိန်းဦးနှင့် ရန်ကုန်တိုင်းမှ မောင်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် “ဖုတ်သွင်းရထား”(ကာလပေါ်)သီချင်းဖြင့် ပဲခူးတိုင်းမှ မဖြူနှင်းဝေနှင့် ရန်ကုန်တိုင်းမှ မနွေ့ဇင်ဝင်းတို့ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ “သုခမ” (ကာလပေါ်) သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်အောင်ကျော်စိုး၊ ရန်ကုန်တိုင်းမှ မောင်တိုးတိုး၊ မန္တလေးတိုင်းမှ မောင်ထိန်လင်းအောင်၊ မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ မန္တလေးတိုင်းမှ မောင်ကျော်ထွန်းဝင်း၊ ရန်ကုန်တိုင်းမှ မောင်ချမ်းဟိန်းအောင်၊ ပဲခူးတိုင်းမှ မောင်ရဲဝင်းအောင်၊ ဧရာဝတီတိုင်းမှ မောင်အောင်အောင်ဟိန်းနှင့် မကွေးတိုင်းမှ မောင်လှိုင်မိုးတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ “သုခမ” (ကာလပေါ်) သီချင်းဖြင့် မကွေးတိုင်းမှ မကြည်ကြည်မာ၊ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်း၊ ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ရန်ကုန်တိုင်းမှ မလဲ့လဲ့ဝင်း၊ ပဲခူးတိုင်းမှ မသိမ့်သိမ့်ထွေးနှင့် ကချင်ပြည်နယ်မှ မလဲ့ရည်ဝင်းတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆိုင်းဝိုင်းအဖွဲ့လိုက် အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းအတီးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် အမျိုးသားဆိုင်း အဖွဲ့လိုက် အတီးပြိုင်ပွဲတို့တွင် အတီးအကဲဖြတ် အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်ကကြီးကြပ်၍ ဆိုင်းအတီးအဖွဲ့ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မျိုးသူအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ညွန့်အောင်(ခ)ညိုချောအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ဗိုလ်မင်းအဖွဲ့တို့ ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ်(အမျိုးသား) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူအဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ဇော်ပိုင်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းအဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်အဖွဲ့တို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြိုင်ပွဲအစီအစဉ် များကို အောက်တိုဘာ ၁၉ရက်နံနက် ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နံနက်ပိုင်းနှင့် ညနေပိုင်း ခေတ္တနားနေချိန်တို့၌ ပြိုင်ပွဲကြီးသို့ လာရောက်ယှဉ်ပြိုင်ကြသော ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ရေဆင်းရှိ တက္ကသိုလ်နယ်မြေ၏ သစ်ရိပ်ဝါးရိပ် အောက်တို့၌ အပန်းဖြေနားခိုကြရင်း မြန်မာတို့၏ရိုးရာအမွေအနှစ်ဖြစ်သည့် အနုသုခုမပညာရပ်များ ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးလျက် ရှိကြသည်ကို တွေ့ရှိရသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နံနက်ပိုင်း၊ ညနေပိုင်း ခေတ္တနားနေချိန်တို့၌ လာရောက်ယှဉ်ပြိုင်ကြသော ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် အနုသုခုမပညာရပ်များ ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်နေကြစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝေဿန္တရာဇာတ်တော်ကြီး ဆက်လက်ကပြတင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝေဿန္တရာဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ တတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်ရာ စစ်ကိုင်းတိုင်းမှ ပန်တျာမျိုးသူနှင့်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါယှဉ်ပြိုင်တင်ဆက်ပွဲသို့ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုချစ်ခင်မြတ်နိုးလေးစားကြသော ပြည်သူများက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီး ပြိုင်ပွဲတွင် ဝေဿန္တရာအဖြစ် ဦးမျိုးသူ၊ ဆုဇကာပုဏ္ဏားအဖြစ်ဦးအိုးဝေ၊ သိဠည်းမင်းကြီးအဖြစ် ဦးအောင်သန်းဌေး၊ မဒ္ဒီဒေဝီအဖြစ် ဒေါ်စိမ်းလဲ့နှင်း၊ ဖုသတီမိဖုရားကြီးအဖြစ်ဒေါ်မိုးဝါ၊ ဇာလီအဖြစ် မောင်ထိပ်တင်စိုး၊ကဏှာဇိန်အဖြစ် မပိုးသိမ့်ဇော်၊ သိကြားမင်းအဖြစ် ဦးတင်ဝင်းအောင်၊ စေတမုဆိုးအဖြစ် ဦးပုရစ်နှင့် အဖွဲ့သားတို့က ပါဝင်သရုပ်ဆောင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ပန်တျာမျိုးသူနှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မျိုးဆက်သစ်များသို့

❊ ငွေနှင်းဝေစီ မှုန်ပြာရီသည့်
ရာသီဆောင်းလ သမယတွင်
မြန်မာ့ဂီတ မြန်မာ့သဘင်
ပေါ်လွင်ထင်ရှား မြင့်မားစေရန်
စိတ်ရည်သန်လျက် အမှန်ထိန်းပြ
မပျက်ရအောင် ဆို၊ က၊ ရေး၊ တီး
ပြိုင်ပွဲကြီးကို ဖွဲ့ချီးကျင်းပ
ဆင်ယင်ကြရာ ကာလတွက်စစ်
ဆယ့်လေးနှစ်တာ ရောက်ခဲ့ပါပြီ။

❊ ပျူခေတ်ခါမှ ရှေးဦးစခဲ့
ဂီတသဘင် အလှအင်အား
ကြေးရုပ်များက ထင်ရှားသက်သေ
ပြခဲ့ချေပြီ သည်မြေမှာပင်
အနုပညာ စဉ်လာကြီးမား
စွမ်းပကားကို
ဝင့်ကြွားဂုဏ်ယူနိုင်ပါပြီ။

❊ နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု၏
အနုပညာ အဖြာဖြာကို
စဉ်လာမပျက် အညွန့်တက်အောင်
ဆက်လက်ထိန်းသိမ်းကြပါစို့။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဂုဏ်ပြုလျက်]

ချမ်းငြိမ်းအောင်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများ ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ၅နာရီတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာပြိုင်ပွဲကျင်းရေးဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲဝင်ရောက်ခဲ့မှု အခြေအနေများ၊ တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး စသည်ဖြင့် လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးက ပေါင်းစပ်ညှိနှိုင်းစီစဉ်ပေးခဲ့သည်။

(သတင်းစဉ်)

ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာ စုပေါင်းဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် မွှေးရုံလမ်းရှိ ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်ကြီး ဘဒ္ဒန္တသုမင်္ဂလ၊ ပဓာနနာယကဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ Ph.D (USA) နှင့် သံဃာတော်များ၊ ပင့်သံဃာတော်များအားအောက်တိုဘာ ၂၈ ရက်(စနေနေ့) နံနက်ပိုင်းတွင် (၃၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အဆိုပါငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၌ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် သင်္ကန်းဒွိစုံတစ်စုံလျှင်ငွေကျပ် ၃၀၀၀ နှင့် သံဃာတော်တစ်ပါးအတွက် ဆွမ်းဆက်ကပ်လိုလျှင် ငွေကျပ် ၅၀၀ တို့ဖြင့် ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာအကျိုးဆောင်အဖွဲ့ ဖုန်း–၅၇၁၃၁၂ နှင့် ၅၆၂၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုင်းတုံအသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၈

ကျိုင်းတုံအသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် မဟာဘုံကထိန်ပွဲ၊ အသက်(၇၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ပွဲ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးပွဲကို အောက်တိုဘာ ၂၁ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ခေမာရာမ ကျိုင်းတုံကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ဒေသခံများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၈

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှု နိုင်ကြောင်းနှင့် အောက်တိုဘာ ၁၉ရက်တွင် မန္တလေးတိုင်းမှ ဦးဝေယံဦးနှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆဋ္ဌမအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပွဲဦးထွက်ပြိုင်ပွဲများ စတင်ကျင်းပသည်။

ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှစတင်၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ခြင်းလုံးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာသို့ ရောက်ရှိပြီး ကျောက်စိမ်းအရိုင်းတွဲများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ရှင်းလင်းပြသ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၂ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည့် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းရှိ မြက်ခင်းပြင်နှင့် ဧည့်ကြိုခန်းမ၌ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ ခင်းကျင်းပြသထားသော ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကျောက်စိမ်းအရိုင်းတွဲများ ကြည့်ရှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသသည့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❐ **အမျိုးသားညီလာခံမှ**

စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြခဲ့ပြီးဖြစ်ကြောင်း။

ယင်းတင်ပြချက်များအနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီး၏ သဘောထားများ ရယူနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံ သဘာပတိ အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍ အဆိုပါသီးခြား အကြံပြုချက်များ အပေါ် ကိုယ်စားလှယ်အစုအဖွဲ့များက ယင်းတို့၏ အစုအဖွဲ့အတွင်း ဆွေးနွေးညှိနှိုင်း၍ သဘောထားများ ပြန်လည်တင်ပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကိစ္စများဖြစ်သည့် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး ကိစ္စများမှအစ အဆင်ပြေ ချောမွေ့အောင်ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများက ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေသည့်ကိစ္စ၊အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းပြုစုခြင်းကိစ္စ၊ အမျိုးသားညီလာခံ လုပ်ငန်းများနှင့်ပတ်သက်၍ သမိုင်းမှတ်တမ်း အထောက်အထားများ ခိုင်ခိုင်မာမာ ကျန်ရှိစေရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီက ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စစ်ကိုင်း ရွှေဟင်္သာစံကျောင်း ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၆)ရပ်ကွက် သုခဝတီလမ်း အမှတ် (၁၉/က)ရှိ စစ်ကိုင်း ရွှေဟင်္သာစံကျောင်း၌ ပုရိမ ဝါကပ်တော်မူခဲ့ကြသော သံဃာတော်များအား ဘုံကထိန်လျှာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ဘုံကထိန်လျှာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် စာအောင် သံဃာတော်များအား ပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူဒါယကာ၊ ဒါယိကာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဗုဒ္ဓဒေသနာသင်တန်း ဓမ္မဒါနပို့ချမည်

ရန်ကုန် အောက်တိုဘာ ၁၈

ဆရာကြီးဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန၏ စနစ်သစ်လေ့လာနည်းဖြင့် သင်ကြားပေးသော (၂၄)ကြိမ် မြောက် ဗုဒ္ဓဒေသနာသင်တန်းကို ရှင်သာမဏေ ဗိမာန်၊ အာဇာနည်လမ်း၊ အလယ်ပစ္စယံ၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး၌ အောက်တိုဘာ ၂၁ရက်မှစ၍ နိုဝင်ဘာ ၁၀ရက်ထိ နေ့စဉ် နံနက် ၇နာရီခွဲမှ ၈နာရီခွဲအထိ ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်ပြီး ဗုဒ္ဓနည်းနာမ်–ရုပ်လေ့ကျင့်ရေးစခန်းကို နိုဝင်ဘာ ၁၂ရက်မှ ၂၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအထိ လေ့ကျင့်ပွားများမည် ဖြစ်ပါသဖြင့်တက်ရောက်နာကြား အားထုတ်နိုင်ကြောင်းသတင်းရရှိသည်။(က–ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈–၁၀–၂၀၀၆

နေပြည်တော်
၀ ဒသမ ၁၆ လက်မ

မြိတ်
၁ ဒသမ ၀၇ လက်မ

ရေး
၀ ဒသမ ၇၈ လက်မ

အသွင်သစ်ဖြင့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၈

အသွင်သစ်နှင့် ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၁၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၏ ကြိုက်ကြိုက်မကြိုက်ကြိုက် ဂလိုဘယ်လိုက်ဖေးရှင်း၊ စိန်ရွှေလှိုင်၏ ဘိုးရာဇာပညာရေးဖောင်ဒေးရှင်း၊ ပြည့်စုံ(သွေးသောက်)၏ ဇာတိသွေးဇာတိမာန် တက်ကြွစေရေး ရုပ်ရှင်များ၊ သတင်းထောက်ခင်မောင်မြင့်၏ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ရွှေတံဆိပ် ၁၇ဆု၊ ငွေခြောက်ဆုရှင် မအိအိချွန်၊ မောင်ရဲစိန်၏ ဓာတ်ခုံပေါ်မှ အမှားများ၊ မြတ်ခိုင်၏ စာဖတ်ရင်မြတ်မယ်၊ စိုးသီဟစိုး၏ 'ဝ'နယ်မြေ ဘိန်းအစားထိုးနှင့် ဖွံ့ဖြိုးရေးအတွက် စူပါစွိုင်း၊ သန်းဝေ(တောင်ကြီး)၏ ရှမ်းရိုးမက အိုးစည်သံများ၊ မော်ကျွန်းစိုးမြင့်၏ ကမ္ဘာတွင် ဘီလပ်မြေအားဖြည့် မီးတောင်ပြာကျောက် (ပိုဇိုလန်) အသုံးပြုမှု ခေတ်စား၊ မြန်မာနိုင်ငံတွင် ပိုဇိုလန်တန်ချိန် သန်းထောင်ပေါင်းများစွာ ကြွယ်ဝ၊ ခင်မောင်တင်(ဝဲလောင်)၏ ဝဲလှောင် ရေလှောင်တမံ အတွင်း ငါးသားပေါက် ခြောက်သိန်း အခမဲ့စိုက်ထည့်ပေး၊ ကျော်ဇင်ညွန့်(တရားရုံးချုပ် ရှေ့နေ)၏ သတင်းအသိ(၁)၊ သတင်းစာဆရာ တစ်ဦး၏ ပြည်ပမီဒီယာကြိုးကိုင်မှုမခံသည့် စာရေးဆရာ၊ သတင်းစာဆရာကြီး တက်တိုး၊ သတင်းထောက်ခင်မောင်ညွန့်၏ ပင်လယ်ပြင်ထွက် ငါးဖမ်းတော့မည်၊ ခင်မောင်သစ်၏ အထူးအစီအစဉ် ဟက်ပီဝါးဆန်းသစ်၊ မြင့်သူရ၏ နာမည်ကျော် ဂျင်ဆင်းပင် စိုက်ပျိုးအောင်မြင်သူများ၊ ခင်အောင်စိုး၏ ပန်းချီဆရာ ၂၅ဦး၏ အနုပညာလက်ရာ ၂၀၀၆ စာမျက်နှာ၊ စိုးသီဟစိုး၏ စာပေထုတ်ဝေခွင့်၊ စုရတီထက်၏ Golden Myanmar ရွှေမှုန်ကပ် ပန်းချီ နိုင်ငံခြားသားများ အကြိုက်တွေ့၊ ခင်အောင်စိုး၏ နှစ်စဉ် မျိုးဆက်သစ် အနုပညာရှင်များ မွေးထုတ်ပေး စသည့် သတင်းဆောင်းပါးများအပြင် သတင်းစုံ၊ ကဗျာစုံ၊ ဓာတ်ပုံ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

ရွှေနိုင်ငံကို ထင်ဟပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဥယျာဉ်ခြံ၊ စက်မှုလုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်ရေး၊ ဟိုတယ်နှင့်ခရီးသွား၊ လမ်းဖောက်၊ တံတားဆောက်၊ ဆောက်လုပ်ရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အိုင်စီတီ လုပ်ငန်းစသည့် မိမိတို့မြို့နယ်အတွင်းမှ သတင်းဆောင်းပါးများကို ပေးပို့နိုင်ကြောင်း၊ စာမူပေးပို့ရန် လိပ်စာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရုံးအဆောက်အအုံ ဖုန်း-၃၈၂၀၇၀သို့ ပေးပို့နိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အသွင်သစ်ဖြင့်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၈

အသွင်သစ်၊ အနှစ်သာရသစ်၊ အကြောင်းအရာသစ်များဖြင့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃) အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းဂျာနယ်တွင် သာဂဒိုး၏ ရောဂါသည် များစွာဖြစ်လာပုံ စုံစွာ ကြည့်ရှု၊ ဟိန်းလတ်၏ ဆရာဝန်တွေဆေးရောင်းတာ မှန် မမှန်၊ တင်သန်းဦး၏ လုပ်စရာကိုင်စရာ၊ မြတ်ခိုင်၏ "မ"တွေ အလိုရှိတယ်တဲ့ အစရှိသည့် ဆောင်းပါးများအပြင် အနုပညာသတင်းများ၊ လက်ရှိ တရုတ်၊ ဂျပန်၊ တောင်/မြောက်ကိုရီးယား သတင်းများ၊ ကျေးလက်ဆီမှ ဒိုးပတ်တီးအကနှင့် ရိုးရာတေးသံသာ၊ ကစားခုန်စား မြန်မာ့ကျေးလက်ဓလေ့များ၊ သိပ္ပံနှင့်နည်းပညာ တိုးတက်မှု၏ ကောင်းကျိုးနှင့် ဆိုးကျိုး၊ Ace in the Hole စကားလုံး ဘယ်တုန်းကသုံးခဲ့တာ၊ တောဓလေ့အသောအထေ့များ အစရှိသည့် ပြည်တွင်းသတင်းအစုံ၊ နိုင်ငံတကာ သတင်းအဖုံဖုံတို့ ဖော်ပြပါရှိသည်။

သတင်းနှင့် စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စိမ်းလဲ့ရွှေပြည် ဂျာနယ် ဖုန်း ၃၈၂၀၇၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၈

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက နိုဝင်ဘာ ၈ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရုပ်ရှင်နှင့် ဂီတအစည်းအရုံး၏ လှုံ့ဆော်ကူညီပေးမှုဖြင့် ပါဝင်လာမည့် မင်းသား၊ မင်းသမီး အဆိုတော်များ၊ ပြပွဲ၏ အထူးအစီအစဉ်ဖြစ်သော ပြိုင်ပွဲဆုရ ဝတ္ထုတိုများ၏ တစ်ခန်းရပ်ဇာတ်လမ်း သရုပ်ဖော် အစီအစဉ်များ၊ ကြော်ငြာဒါရိုက်တာ ဇော်လူထက်ဦးစီးသည့် လိဗ္ဗဝိကြော်ငြာ သရုပ်ဆောင်အဖွဲ့မှ သရုပ်ဆောင် မော်ဒယ်များ ဖြစ်သည့် မိုးဟေကို၊ အေးမြတ်သူ၊ ခရစ္စတီးနား၊ ဇူးဇူးမောင်၊ မိုးဟေမန်ခင်၊ ပပဝင်းခင်၊ ဆုကဗျာ၊ ငွေဇင်သွန်း၊ စုချစ်ဇော်၊ လှိုင်ယမင်းအိမ် အစရှိသော မော်ဒယ်များက အလှည့်ကျ ပါဝင် ဖျော်ဖြေကြမည် ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် စိတ်ဝင်စားသူများ အနေဖြင့် ဒေါ်သီဂီဇော် ဖုန်း-၀၉-၅၁၀၈၆၇၆ သို့ ဆက်သွယ်နိုင်ကြောင်း ဌာနဆိုင်ရာအသီးသီးမှ ပြခန်း ၄၀နှင့် ကုမ္ပဏီများမှ ပြခန်း ၆၀ကျော် ပါဝင်ပြသထားမည် ဖြစ်ကြောင်း၊ စက်မှုဇုန်မှ ထုတ်လုပ်သော ယာဉ်များ၊ ချောဆီများ ဖြစ်သော SPC ၊ AP၊ CAMEL နှင့် AXCL၊ မောင်ကျော်ဝင်း ကားအပိုပစ္စည်း၊ ဝင်းချယ်ရီ တာယာနှင့် ဘက်ထရီ၊ တိုယိုဘက်ထရီ၊ Maxxis Tyre၊ LYNX(CNG Co;)၊ Myanmar Automobile Group၊ စူပါရေခဲမုန့်၊ KSS Foods'Premier ကော်ဖီ၊ Bell ကွန်ပျူတာ၊ ရတနာစိုးမိုးလုံချည်နှင့် ဦးထုပ်ဆိုင်၊ မြန်မာသီဟကုမ္ပဏီ၊ Fisca Co., Kyaw Zeya Telccommunication၊ Nice Co., ၊Imperial Jade သောက်ရေသန့်၊ ဂဠုန်ရာဇာ၊ ထွန်းရွှေဝါ၊ ရွှေရီဝင်းနှင့် ရွှေမြန်မာတိုင်းရင်းဆေးများ၊ UPG Paints၊ Unimed Trading (Medicals) နှင့် အိုကေ-မြန်မာကုမ္ပဏီမှ လျှပ်စစ်ပစ္စည်းများကို ပြသမည် ဖြစ်ကြောင်း၊ ကျန်ရှိဆိုင်ခန်းများအတွက် ငှားရမ်းလိုပါက ဦးစိုးမြတ်အောင် ဖုန်း ၀၁-၅၅၆၀၈၃၊ ဖက်(စ်) ၀၁-၅၅၆၀၈၃တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာဒုက်ဆွမ်းအောင်ပွဲဓမ္မသဘင်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက် သူရဿတီလမ်း လူငယ်များ ဦးစီးကျင်းပသော ဆွမ်းအောင်ပွဲ၊ မဟာဒုက်ဘုရားပူဇော်ပွဲနှင့် တရားပွဲကို ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၂၀ ရက်တွင် စိတ္တသုခ အရှင်ကောသလ္လ၊ ၂၁ ရက်တွင် အရှင်ဇဝန(ပဲခူး) စာရေးဆရာ ဓမ္မကထိက၊ ၂၂ရက်တွင် အရှင်နန္ဒသိရိ (M.A ဓမ္မာစရိယ) အရှင်မြတ်တို့က ညစဉ် ၈ နာရီမှစ၍ တရားဓမ္မများ ဟောကြားမည် ဖြစ်သည်။ (က-ပ)

ဒုတိယအကြိမ် ကမ္ဘာ့ရိုးရာ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်ဝူရှူးမောင်မယ်များ ပထမ၊ ဒုတိယ၊ တတိယ ဆုများအသီးသီးရရှိ

ရန်ကုန် အောက်တိုဘာ ၁၈

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကျန့်ကျိုး ပြည်နယ်၌ ကျင်းပလျက်ရှိသည့် ဒုတိယအကြိမ် ကမ္ဘာ့ရိုးရာ ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့မှ မောင်သူရထွန်း အသက် (၁၄) နှစ်မှ (၂၈) နှစ်အထိ အတန်း စွန်းသိုင်းပြိုင်ပွဲတွင် ပထမ၊ မရွှေရည်လင်း အသက် (၁၃) နှစ်အတန်း အရက်မူးသိုင်းပြိုင်ပွဲတွင် ပထမ၊ မောင်ဟိန်းဇော် အသက် (၁၃) နှစ် အတန်း မျောက်သိုင်း ပြိုင်ပွဲတွင် ပထမ၊ မအိမ့်မိမိ အသက် (၁၄) နှစ်မှ (၂၈) နှစ်အထိ အတန်း နန်းကွန့်ပြိုင်ပွဲတွင် ပထမ၊ မအိမ့်မိမိ အသက် (၁၄) နှစ်မှ (၂၈) နှစ်အတန်း ထုန်းပိချွမ် ပြိုင်ပွဲတွင် ဒုတိယ၊ မောင်ဝေဖြိုးအောင် အသက် (၁၄) နှစ်မှ (၂၈) နှစ်အတန်း နန်းချွမ် ပြိုင်ပွဲတွင် ဒုတိယ၊ မရွှေရည်လင်း အသက်(၁၃) နှစ်အောက် အတန်း အရက်မူးဓားသိုင်းပြိုင်ပွဲတွင် ဒုတိယ၊ မဝေမာထွန်းသိန်း အသက် (၁၄)နှစ်မှ (၂၈) နှစ်အတန်း ထိုက်ချီကျန့် ပြိုင်ပွဲတွင် တတိယဆုများ အသီးသီး ရရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အေးချမ်းအောင်မြင်ငွေကျောင်းဘုံကထိန်လျာသင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၈

အေးချမ်းအောင်မြင်အုတ်ခွက်ဘုရားကြီးအားအမှူးထား၍ အေးချမ်းအောင်မြင်ငွေကျောင်းတွင် ဝါကပ်တော်မူခဲ့ကြသော မဟာသဒ္ဓမ္မဇောတိကဓဇဆရာတော် ဘဒ္ဒန္တသုဂန္ဓ၊ ညီတော် ဆရာတော် ဘဒ္ဒန္တဇောတိကတို့အား ဦးထိပ်ထားပြီး ကျောင်းရှိ သံဃာတော်ကိုးပါးနှင့် ပင့်သံဃာ၁၀၈ပါးတို့အား ဘုံကထိန်လျာသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၂ ရက် (တနင်္ဂနွေနေ့) (တန်ဆောင်မုန်းလဆန်း၂ ရက်) နံနက် ၉ နာရီခွဲတွင် အေးချမ်းအောင်မြင်ငွေကျောင်း နေမျိုးသူရလမ်း မေတ္တာညွန့် ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်၍ ကြွရောက်လာကြသော အလှူရှင်များအား နံနက်စာဖြင့် ဧည့်ခံကျွေးမွေးမည်။ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များသည် အေးချမ်းအောင်မြင်ငွေကျောင်း ဆဋ္ဌမ အကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲ ဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၅၁၅၀၂၇၄၊ ၀၉-၅၀၀၂၆၈၃၊ ၅၅၆၆၆၆ နှင့် ၇၂၄၄၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ယနေ့မိုးလေဝသ

(၁၉-၁၀-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကျေးဇူးဆပ်ပါမည်

အထက်ပါ ဓာတ်ပုံရှင် မခင်ခင်ဝင်း (ခ) စာတမ်း (စိတ္တဇဝေဒနာရှင်) သည် ၁၂-၁၀-၂၀၀၆ ရက် နံနက် ၆ နာရီတွင် မြောက်ဥက္ကလာအဝိုင်း ကားမှတ်တိုင်တွင် ကားမှားစီး၍ ပျောက်နေပါသဖြင့် အောက်ပါလိပ်စာသို့ အမြန်ဆုံး ဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ကျေးဇူးဆပ်ပါမည်။

ဦးသိန်းဝင်း၊ တိုက်(၁)၊ အခန်း(၃၀၁)၊ လေးလွှာ၊ မြစွာညိုအိမ်ရာ၊ ရွှေအုတ်ဂူ ဘုရားလမ်းထိပ်၊ သာကေတမြို့နယ်။ဖုန်း- ၅၅၃၃၉၆



သွားနုတ္တသမီးအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ဥမ္မာလွင်၏ သမီး **မခိုင်ထက်ထက်သူ** [၁၂/ကမရ(နိုင်)၀၅၂၉၁၂]သည် မိဘများဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းအား ယနေ့မှစ၍ သွားနုတ္တသမီးအဖြစ် သတ်မှတ်၍ အမွေစား အမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာလွင်(ခ)မမီး
[၁၂/ကမရ(နိုင်)၀၂၇၂၃၃]
အောင်ချမ်းသာပွဲရုံ

အမျိုးသားညီလာခံလုပ်ငန်းများကို အစီအစဉ်အတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိ အမျိုးသားညီလာခံကြီးအောင်မြင်ရေး ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၁၈

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး (၁၁/၂၀၀၆)ကို ယမန်နေ့ည ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ၏ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်၍ ပြန်လည်ကျင်းပခဲ့ရာ အမျိုးသားညီလာခံ လုပ်ငန်းများကို အစီအစဉ်အတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် အမျိုးသားညီလာခံ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒**

အမှာစကားပြောကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး (၁၁/၂၀၀၆) တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များ နေပြည်တော်တွင် ဆက်လက်ကျင်းပ

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနန်းသဇင်ဖွေးဖွေး ပါဝင်ယှဉ်ပြိုင်စဉ်။ (အပေါ်ပုံ)**နှင့် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အမျိုးသမီး ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင် ပါဝင်ယှဉ်ပြိုင်စဉ်။** (ယာပုံ) (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ၏ ထက်မြက်သောစွမ်းအားကောင်းကို အမျိုးသားရေးအတွက် ထိုက်ထိုက်တန်တန်အသုံးပြုပြီး ပြည်သူတစ်ရပ်လုံး၏ စိတ်ပိုင်း ဆိုင်ရာ စည်းလုံးညီညွတ်မှုစွမ်းအားကောင်းများအစဉ်ထာဝရ နိုးကြားနေစေရန် အားသစ်လောင်းသည့်အနေဖြင့် ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲအစီအစဉ်များကို ယနေ့နံနက် ၉ နာရီမှစ၍ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရာသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး သူရဦးသောင်းလွင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးညီထွန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး နှင့် ပြိုင်ပွဲကျင်းပ ရေးဦးစီးကော်မတီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေါ်မြင့်သန်းဦး ခေါင်းဆောင်သော ကယားပြည်နယ်မှတိုင်းရင်းသားများ၊ ဦးခင်မောင်ညွန့် ခေါင်းဆောင်သော ကချင်ပြည်နယ်မှ တိုင်းရင်းသားများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ရမည်းသင်းမြို့နယ်တို့မှ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪